မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

**အမှတ် ၂၆ ]** ရန်ကုန်မြို့ { ၁၃၈၁ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၁ ရက် ( ၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၈ ရက် ) } **သောကြာနေ့ [ အတွဲ ၇၂**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် ၁၅/၂၀၁၉**

၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက်

(၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၆ ရက်)

**ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်**

မြန်မာနှစ်သစ်မင်္ဂလာအခါသမယ အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်း အေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း အကျဉ်းထောင်/စခန်းအသီးသီးတွင် အကျဉ်းကျခံနေကြရသော နိုင်ငံသားအကျဉ်းသား/သူ (၆၉၄၈) ဦးအား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁) အရ စည်းကမ်းသတ်မှတ်ချက်မထားဘဲ လွတ်ငြိမ်းသက်သာခွင့် ပေးလိုက်သည်။ ကျန်အကျဉ်းသား/သူများထဲမှ လွတ်သင့်လွတ်ထိုက်သူများကိုလည်း စနစ်တကျစိစစ်လျက် ရှိပြီး လွတ်ငြိမ်းသက်သာခွင့် ဆက်လက်ပေးသွားမည်ဖြစ်ပါသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် ၁၆/၂၀၁၉**

၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၄ ရက်

(၂၀၁၉ ခုနှစ်၊ မေလ ၇ ရက်)

**ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်**

မြန်မာနှစ်သစ်မင်္ဂလာအခါသမယ အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်း အေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း၊ နိုင်ငံတော် အစိုးရ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ချောမွေ့အောင်မြင်စေရန်နှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး အထောက်အကူပြုစေရန်အတွက်လည်းကောင်း အကျဉ်းထောင်/စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံနေသည့် အကျဉ်းသား/သူ စုစုပေါင်း (၆၅၂၀) ဦးအား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁) အရ စည်းကမ်းသတ်မှတ်ချက်မထားဘဲ လွတ်ငြိမ်းသက်သာခွင့် ပေးလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၅၅/၂၀၁၉**

၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၄ ရက်

(၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၃ ရက်)

**စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်တံဆိပ် (၁၂) မျိုး အကဲဖြတ်စိစစ်ရွေးချယ်ရေး ပဏာမစိစစ်ရေးအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၇ ခုနှစ်၊ မေလ ၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၁/၂၀၁၇ ဖြင့် ဖွဲ့စည်းခဲ့သော **စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်တံဆိပ် (၁၂) မျိုး အကဲဖြတ်စိစစ်ရွေးချယ်ရေး ပဏာမစိစစ်ရေးအဖွဲ့** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | အမြဲတမ်းအတွင်းဝန်<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | အမြဲတမ်းအတွင်းဝန်<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | အမြဲတမ်းအတွင်းဝန်<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | အမြဲတမ်းအတွင်းဝန်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | အမြဲတမ်းအတွင်းဝန်<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | အမြဲတမ်းအတွင်းဝန်<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | အမြဲတမ်းအတွင်းဝန်<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | အမြဲတမ်းအတွင်းဝန်<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | အမြဲတမ်းအတွင်းဝန်<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | အမြဲတမ်းအတွင်းဝန်<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | အမြဲတမ်းအတွင်းဝန်<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | အမြဲတမ်းအတွင်းဝန်<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | အမြဲတမ်းအတွင်းဝန်<br>ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (တ) | ညွှန်ကြားရေးမှူးချုပ်<br>လူမှုရေးနှင့် ယဉ်ကျေးမှုဌာနကြီး<br>နိုင်ငံတော်သမ္မတရုံး | အဖွဲ့ဝင် |

(ထ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန

(ဒ) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

(ဓ) ဒုတိယညွှန်ကြားရေးမှူးချုပ် တွဲဖက်အတွင်းရေးမှူး
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

၂။ "စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ် (၁၂) မျိုး အကဲဖြတ်စိစစ်ရွေးချယ်ရေး ပဏာမစိစစ်ရေးအဖွဲ့" ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ရွေးချယ်အဆိုပြုထားသော ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်အပ်နှင်းနိုင်ရေးအတွက် "ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းရန်စိစစ်ရေးအဖွဲ့" သို့ စိစစ်တင်ပြရန်၊

(ခ) ချီးမြှင့်သင့်၊ ချီးမြှင့်ထိုက်သူများကို ရွေးချယ်တင်ပြရာတွင် လုပ်ထုံးလုပ်နည်းပါ စိစစ်ချက်များနှင့်အညီ စိစစ်တင်ပြရန်၊

(ဂ) အထူးချီးမြှင့်သင့်၊ ချီးမြှင့်ထိုက်သောကိစ္စရပ်များအတွက် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ် ချီးမြှင့်သင့်ကြောင်းတွေ့ရှိပါက အဆိုပါပုဂ္ဂိုလ်နှင့် သင့်လျော်သည့် စွမ်းဆောင်မှုဆိုင်ရာတံဆိပ်တစ်ခုခုကို ချီးမြှင့်အပ်နှင်းရေးအတွက် စိစစ်တင်ပြရန်၊

(ဃ) လိုအပ်ပါက စိစစ်ဆောင်ရွက်နိုင်ရေးအတွက် သီးခြားအဖွဲ့ငယ်များ ဖွဲ့စည်းဆောင်ရွက်ရန်၊

(င) အဆိုပြုရွေးချယ်သည့်ပုဂ္ဂိုလ်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ ပြင်ပအဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အဆိုပြုရွေးချယ်ခြင်းခံရသည့်ပုဂ္ဂိုလ်များအား လိုအပ်ပါက ဖိတ်ကြားမေးမြန်းရန်နှင့် လိုအပ်သောအထောက်အထားများ၊ မှတ်တမ်းများ၊ စာရွက်စာတမ်းများကို တောင်းခံရန်၊

(စ) စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ် (၁၂) မျိုး ချီးမြှင့်အပ်နှင်းရန်အတွက် "ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းရန် စိစစ်ရေးအဖွဲ့" ၏ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရန်။

၃။ ပဏာမစိစစ်ရေးအဖွဲ့၏ ဆုတံဆိပ်ရွေးချယ်ရေးနှင့်စပ်လျဉ်းသည့် ရုံးလုပ်ငန်းများအား ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ရမည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၅၆/၂၀၁၉**

၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၄ ရက်
(၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၃ ရက်)

**မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီ အဖွဲ့ဝင်ပြင်ဆင်ဖွဲ့စည်းခြင်း**

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၈၃/၂၀၁၈ ဖြင့် ဖွဲ့စည်းခဲ့သော **မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ** တွင် အဖွဲ့ဝင် အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန **အစား** အဖွဲ့ဝင် ညွှန်ကြားရေးမှူးချုပ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၅၇/၂၀၁၉**

၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၄ ရက်

(၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၃ ရက်)

**နိုင်ငံ့ဝန်ထမ်းအိမ်ရာတည်ဆောက်ရေးဦးစီးကော်မတီအဖွဲ့ဝင် ပြင်ဆင်ဖွဲ့စည်းခြင်း**

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၆/၂၀၁၇ ဖြင့် ဖွဲ့စည်းခဲ့သော **နိုင်ငံ့ဝန်ထမ်းအိမ်ရာတည်ဆောက်ရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ** မှ **နိုင်ငံ့ဝန်ထမ်းအိမ်ရာတည်ဆောက်ရေးဦးစီးကော်မတီ** တွင် အဖွဲ့ဝင် အမြဲတမ်းအတွင်းဝန်၊ ပြည်ထဲရေးဝန်ကြီးဌာန **အစား** အဖွဲ့ဝင် ညွှန်ကြားရေးမှူးချုပ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၅၈/၂၀၁၉**

၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၄ ရက်

(၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၃ ရက်)

**လုံခြုံရေးဆိုင်ရာစိစစ်ကြီးကြပ်မှုကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၃/၂၀၁၈ ဖြင့် ဖွဲ့စည်းခဲ့သော **လုံခြုံရေးဆိုင်ရာစိစစ်ကြီးကြပ်မှုကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ (၁) |
| (ဂ) | ဒုတိယရှေ့နေချုပ်<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | ဒုတိယဥက္ကဋ္ဌ (၂) |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>မီးသတ်ဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဆ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(ဇ) ဦးဆောင်ညွှန်ကြားရေးမှူး အဖွဲ့ဝင်
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(စျ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(ည) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန
ပညာရေးဝန်ကြီးဌာန

(ဋ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

(ဌ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

(ဍ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

(ဎ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

(ဏ) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
နိုင်ငံရေးနှင့် လုံခြုံရေးဌာနကြီး
နိုင်ငံတော်သမ္မတရုံး

(တ) ဒုတိယရဲချုပ် တွဲဖက်အတွင်းရေးမှူး
မြန်မာနိုင်ငံရဲတပ်ဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန

၂။ လုံခြုံရေးဆိုင်ရာစိစစ်ကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၌ လုံခြုံရေးဆိုင်ရာလုပ်ငန်းများဆောင်ရွက်ရန် မှတ်ပုံတင်ပြီးဖြစ်သော ကုမ္ပဏီများအား အောက်ပါအတိုင်း စိစစ်ကြီးကြပ်သွားပါမည် -

(၁) လုံခြုံရေးကုမ္ပဏီတွင် တာဝန်ထမ်းဆောင်မည့် လုံခြုံရေးဝန်ထမ်းများ၏ အရည်အချင်းများကို သတ်မှတ်ပေးခြင်း၊

(၂) လုံခြုံရေးဝန်ထမ်းများအား လိုအပ်သည့်လုံခြုံရေးဆိုင်ရာသင်တန်းများ တက်ရောက်စေခြင်း၊

(၃) လုံခြုံရေးဝန်ထမ်းများ အသုံးပြုရန်လိုအပ်သည့် လုံခြုံရေးအထောက်အကူပြုပစ္စည်းကိရိယာများနှင့်စပ်လျဉ်း၍ သက်ဆိုင်သည့်ဝန်ကြီးဌာနများနှင့် ညှိနှိုင်းစိစစ်ခွင့်ပြုပေးခြင်း၊

(၄) လုံခြုံရေးဝန်ထမ်းများ၏ ဖွဲ့စည်းမှုနှင့် အင်အားကို စိစစ်ခွင့်ပြုခြင်း၊

(၅) လုံခြုံရေးဝန်ထမ်းများ၏ ဝတ်စုံ၊ တံဆိပ်နှင့် အဆင့်ကို တပ်ဖွဲ့ဦးစီးဌာနများနှင့် ကွဲပြားစေရန် ညှိနှိုင်းသတ်မှတ်ပေးခြင်း၊

(၆) လုံခြုံရေးဝန်ထမ်းများ၏ လုပ်ငန်းဆောင်ရွက်မှု စနစ်တကျရှိစေရေးနှင့် စည်းကမ်းတကျဖြစ်စေရေးအတွက် စစ်ဆေးကြပ်မတ်ကွပ်ကဲခြင်း၊

(၇) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းနှင့် သက်ဆိုင်မှုမရှိသည့် လုပ်ငန်းများဆောင်ရွက်ခြင်း၊ ကော်မတီမှသတ်မှတ်ထားသည့်စည်းကမ်းများကို ဖောက်ဖျက်ခြင်း ရှိ မရှိ စစ်ဆေးကြပ်မတ်ခြင်း၊

(၈) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းအမည်ပါ စာရွက်ကြော်ငြာစာ၊ ပုံနှိပ် စာရွက်စာတမ်းတစ်ခုခုအား အသုံးပြု၍ အစိုးရအဖွဲ့အစည်းအသွင်ယူ ဖော်ပြခြင်းနှင့် အခြားအမည်များအသုံးပြုခြင်း ရှိ မရှိ စစ်ဆေးကြပ်မတ်ခြင်း၊

(၉) ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းများအား အစိုးရဌာန သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်ကဲ့သို့ အသွင်ယူ၍ အယောင်ဆောင်ခြင်း သို့မဟုတ် ထိုကဲ့သို့အယောင်ဆောင်စေရန် ခွင့်ပြုခြင်း၊ ကူညီခြင်း၊ အားပေးခြင်းများ မပြုလုပ်ရန် စစ်ဆေးကြပ်မတ်ခြင်း၊

(၁၀) သတ်မှတ်ချက်နှင့် ညီညွတ်မှုမရှိသော လုပ်ငန်းများကို ဆောင်ရွက်ခြင်းအား စစ်ဆေးတွေ့ရှိပါက သတိပေးခြင်း၊ တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်ခြင်း။

( ခ ) အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေအရ အဆင့်ဆင့်သော မှတ်ပုံတင်ခြင်းအဖွဲ့များက မှတ်ပုံတင်ခွင့်ပြုထားသည့် အသင်းအဖွဲ့များနှင့် မှတ်ပုံတင်ခြင်းမပြုဘဲ ဆောင်ရွက်လျက်ရှိသော အသင်းအဖွဲ့များအား အောက်ပါအတိုင်း စိစစ်ကြီးကြပ်သွားပါမည် -

(၁) မှတ်ပုံတင်လျှောက်ထားစဉ် ဖော်ပြခဲ့သော ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်ခြင်း ရှိ မရှိ၊

(၂) မှတ်ပုံတင်ခွင့်ပြုထားသည့် နယ်မြေအပိုင်းအခြားတွင်သာ ဆောင်ရွက်ခြင်း ရှိ မရှိ၊

(၃) မှတ်ပုံတင်ထားသည့် အသင်းအဖွဲ့၏ ကိုယ်ပိုင်အမှတ်တံဆိပ်၊ ကိုယ်ပိုင်အမှတ်အသား၊ ကိုယ်ပိုင်ဝတ်စုံတို့သည် တည်ဆဲဥပဒေများနှင့် ငြိစွန်းမှု ရှိ မရှိ၊

(၄) မှတ်ပုံတင်ထားခြင်းမရှိသည့် အသင်းအဖွဲ့များနှင့်စပ်လျဉ်း၍ ၎င်းတို့၏ ဆောင်ရွက်ချက်များ၊ ဝတ်စားဆင်ယင်မှုများသည် တည်ဆဲဥပဒေတစ်ရပ်ရပ်နှင့် ငြိစွန်းနေပါက ခေါ်ယူသတိပေးခြင်း၊ လိုက်နာမှုမရှိက သက်ဆိုင်ရာဥပဒေအရ အရေးယူဆောင်ရွက်ခြင်း။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် ၂၀/၂၀၁၉

၁၃၈၁ ခုနှစ်၊ တန်ခူးလဆန်း ၁၅ ရက်
(၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၉ ရက်)

## ကျွန်းသစ်ထုတ်လုပ်ခြင်းလုပ်ငန်း၊ ပြည်တွင်း ပြည်ပရောင်းချခြင်းလုပ်ငန်းနှင့် ကျေးရွာလူထုက စိုက်ပျိုးပြုစုထားသော မိမိသုံးကျေးရွာပိုင်ထင်းစိုက်ခင်းများမှအပ သစ်တောစိုက်ခင်းပြုစုပျိုးထောင်ခြင်းလုပ်ငန်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုခြင်း

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများဥပဒေပုဒ်မ ၄ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။　နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (က) အရ အစိုးရကသာ နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းအဖြစ် လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည့် ကျွန်းသစ်ထုတ်လုပ်ခြင်းလုပ်ငန်းနှင့် ပြည်တွင်း ပြည်ပရောင်းချခြင်းလုပ်ငန်း၊ ပုဒ်မခွဲ (ခ) အရ ကျေးရွာလူထုက စိုက်ပျိုးပြုစုထားသော မိမိသုံးကျေးရွာပိုင် ထင်းစိုက်ခင်းများမှအပ သစ်တောစိုက်ခင်းပြုစုပျိုးထောင်ခြင်းလုပ်ငန်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းတို့ကို လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ မင်္ဂလာဒုံမြို့နယ်၊ ၁၆ ရပ်ကွက်၊ နဝရတ် ၁ လမ်း၊ ပတ္တမြားမြို့သစ်ရှိ နဂါးဧကရာဇ် သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်၏ မန်နေဂျာ ဦးဝင်းနိုင် [၁၄/မအပ (နိုင်) ဝ၁၅၅၄၄] အား နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ တောင်ညိုကြီးဝိုင်း၊ အကွက်အမှတ် (၅၂၊ ၅၅) အတွင်း ကျွန်းစိုက်ခင်း ၁၂၆. ၈ ဧကကို အောက်ဇယားပါ စာတိုင် (၄) ရှိ ဧရိယာ (ဧက) များတွင် လုပ်ငန်းစတင်ဆောင်ရွက်ရမည့်နှစ်မှ နှစ် ၃၀ အထိ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုလိုက်သည် -

**လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသည့် မြေအကြောင်းအရာ**

| အမှတ်စဉ် | ကြိုးဝိုင်းတော | အကွက်အမှတ် | ဧရိယာ (ဧက) | လုပ်ငန်းစတင်ရမည့် ခုနှစ် |
|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) |
| ၁။ | တောင်ညိုကြိုးဝိုင်း | ၅၂၊ ၅၅ | ၁၂၆. ၈ | ၂၀၁၅-၂၀၁၆ |

၃။　အပိုဒ် ၂ ပါ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသော လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲရန် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအား လုပ်ပိုင်ခွင့်အပ်နှင်းလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် ၂၁/၂၀၁၉

၁၃၈၁ ခုနှစ်၊ တန်ခူးလဆန်း ၁၅ ရက်
(၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၉ ရက်)

## ကျွန်းသစ်ထုတ်လုပ်ခြင်းလုပ်ငန်း၊ ပြည်တွင်း ပြည်ပရောင်းချခြင်းလုပ်ငန်းနှင့် ကျေးရွာလူထုက စိုက်ပျိုးပြုစုထားသော မိမိသုံးကျေးရွာပိုင်ထင်းစိုက်ခင်းများမှအပ သစ်တောစိုက်ခင်းပြုစုပျိုးထောင်ခြင်း လုပ်ငန်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုခြင်း

၁။　ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများဥပဒေပုဒ်မ ၄ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။　နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (က) အရ အစိုးရကသာ နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းအဖြစ် လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည့် ကျွန်းသစ်ထုတ်လုပ်ခြင်းလုပ်ငန်းနှင့် ပြည်တွင်း ပြည်ပရောင်းချခြင်းလုပ်ငန်း၊ ပုဒ်မခွဲ (ခ) အရ ကျေးရွာလူထုက စိုက်ပျိုးပြုစုထားသော မိမိသုံးကျေးရွာပိုင် ထင်းစိုက်ခင်းများမှအပ သစ်တောစိုက်ခင်းပြုစုပျိုးထောင်ခြင်းလုပ်ငန်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းတို့ကို လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ရန်ကုန်တိုင်းဒေသကြီး၊ အနောက်ပိုင်းခရိုင်၊ ကျောက်တံတားမြို့နယ်၊ မဟာဗန္ဓုလ ပန်းခြံနှင့် ဘဏ်လမ်းထောင့်၊ Strand Condo (ဒုတိယထပ်)၊ အမှတ် (33-49) တွင် တည်ရှိသော အေဝမ်း ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်၏ ဥက္ကဋ္ဌ ဦးရန်နဝင်း [၁၂/စခန (နိုင်) ဝ၂၈၈၇၃] အား ဧရာဝတီတိုင်း ဒေသကြီး၊ ဟင်္သာတခရိုင်၊ ကြံခင်းမြို့နယ်၊ မြောက်မြန်အောင်ကြိုးဝိုင်း၊ အကွက်အမှတ် (၆၄) အတွင်း

ကျွန်းစိုက်ခင်းဧရိယာ ၅၀ ဧကကို အောက်ဖယားပါ စာတိုင် (၄) ရှိ ဧရိယာ (ဧက) များတွင် လုပ်ငန်းစတင်ဆောင်ရွက်ရမည့်နှစ်မှ နှစ် ၃၀ အထိ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုလိုက်သည် -

**လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသည့် မြေအကြောင်းအရာ**

| အမှတ်စဉ် | ကြိုးဝိုင်းတော | အကွက်အမှတ် | ဧရိယာ (ဧက) | လုပ်ငန်းစတင်ရမည့် ခုနှစ် |
|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) |
| ၁။ | မြောက်မြန်အောင်ကြိုးဝိုင်း | ၆၄ | ၅၀ | ၂၀၁၆-၂၀၁၇ |

၃။ အပိုဒ် ၂ ပါ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသော လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲရန် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအား လုပ်ပိုင်ခွင့်အပ်နှင်းလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် ၂၂/၂၀၁၉

၁၃၈၁ ခုနှစ်၊ တန်ခူးလဆန်း ၁၅ ရက်
(၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၉ ရက်)

### ကျွန်းသစ်ထုတ်လုပ်ခြင်းလုပ်ငန်း၊ ပြည်တွင်း ပြည်ပရောင်းချခြင်းလုပ်ငန်းနှင့် ကျေးရွာလူထုက စိုက်ပျိုးပြုစုထားသော မိမိသုံးကျေးရွာပိုင်ထင်းစိုက်ခင်းများမှအပ သစ်တောစိုက်ခင်းပြုစုပျိုးထောင်ခြင်း လုပ်ငန်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုခြင်း

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများဥပဒေပုဒ်မ ၄ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (က) အရ အစိုးရကသာ နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းအဖြစ် လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည့် ကျွန်းသစ်ထုတ်လုပ်ခြင်းလုပ်ငန်းနှင့် ပြည်တွင်း ပြည်ပရောင်းချခြင်းလုပ်ငန်း၊ ပုဒ်မခွဲ (ခ) အရ ကျေးရွာလူထုက စိုက်ပျိုးပြုစုထားသော မိမိသုံးကျေးရွာပိုင် ထင်းစိုက်ခင်းများမှအပ သစ်တောစိုက်ခင်းပြုစုပျိုးထောင်ခြင်းလုပ်ငန်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းတို့ကို လုပ်ကိုင်ဆောင်ရွက်နိုင်ရန် မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင်၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်အမှတ် (၅) ရပ်ကွက်၊ ဦးပိုင်အမှတ် (၉၁)၊ အကွက်အမှတ် (က/၄) နေ ဦးထွန်းလင်း (ဘ) ဦးဆန်နီ [၅/ပလန (နိုင်) ၀၄၆၅၆၂] အား စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ပုလဲမြို့နယ်၊ မြောက်ယမားကြိုးဝိုင်း၊ အကွက်အမှတ် ၃၇ အတွင်း ကျွန်းစိုက်ခင်း ၅၀၀ ဧကကို အောက်ဖယားပါ စာတိုင် (၄) ရှိ ဧရိယာ (ဧက) များတွင် လုပ်ငန်းစတင်ဆောင်ရွက်ရမည့်နှစ်မှ နှစ် ၃၀ အထိ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုလိုက်သည် -

**လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသည့် မြေအကြောင်းအရာ**

| အမှတ်စဉ် | ကြိုးဝိုင်းတော | အကွက်အမှတ် | ဧရိယာ (ဧက) | လုပ်ငန်းစတင်ရမည့် ခုနှစ် |
|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) |
| ၁။ | မြောက်ယမားကြိုးဝိုင်း | ၃၇ | ၂၀၀ | ၂၀၁၈-၂၀၁၉ |
| ၂။ | မြောက်ယမားကြိုးဝိုင်း | ၃၇ | ၃၀၀ | ၂၀၁၉-၂၀၂၀ |

၃။ အပိုဒ် ၂ ပါ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသော လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲရန် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအား လုပ်ပိုင်ခွင့်အပ်နှင်းလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် ၂၃/၂၀၁၉**

၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၃ ရက်

(၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၂ ရက်)

၁။ အခွန်အယူခံခုံအဖွဲ့ဥပဒေ အခန်း (၇)၊ ပုဒ်မ ၄၀ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အခွန်အယူခံခုံအဖွဲ့၏ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လွယ်ကူချောမွေ့စွာ အသွင်ကူးပြောင်းနိုင်ရန်နှင့် လိုအပ်သောပြင်ဆင်ညှိနှိုင်းမှုများပြုလုပ်နိုင်ရန် အသွင်ကူးပြောင်းရေးကာလကို ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့မှ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၃၁ ရက်အထိ နိုင်ငံတော်သမ္မတရုံးက ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၃၂/၂၀၁၉ ဖြင့် သတ်မှတ်ခဲ့ပြီးဖြစ်ပါသည်။

၂။ ယင်းသို့ သတ်မှတ်သည့် အသွင်ကူးပြောင်းရေးကာလအတွင်း အခွန်အယူခံခုံအဖွဲ့ရုံး၏ ရုံးလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲနိုင်ရန် ပြည်ထောင်စုအစိုးရ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအား လွှဲအပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် (၅၇/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၄ ရက်

(၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၃ ရက်)

**မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင် တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် (၅) နေရာ၌ ဦးဝင်းဆန်း **အစား** ဦးအောင်သိန်းထွန်း အား စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ အစားထိုးတာဝန်ပေးအပ်လိုက်သည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၅၈/၂၀၁၉)

၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆ ရက်

(၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၅ ရက်)

### ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ [UNION BETTERMENT PARTY (UBP)] အား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

နေပြည်တော်၊ ဥတ္တရခရိုင်၊ ပုဗ္ဗသီရိမြို့နယ်၊ ရာဇသင်္ဂဟလမ်း၊ အိမ်အမှတ် (A-3) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ [UNION BETTERMENT PARTY (UBP)] အား** ၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၅ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ [UNION BETTERMENT PARTY (UBP)]** ၏ မှတ်ပုံတင်အမှတ်မှာ (၁၁၂) ဖြစ်ပါသည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ခရီးသွားလုပ်ငန်းကော်မတီ

## အမိန့်ကြော်ငြာစာအမှတ် ၆/၂၀၁၉

၁၃၈၀ ပြည့်နှစ်၊ တန်ခူးလဆန်း ၈ ရက်

(၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၂ ရက်)

### မွန်ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီဖွဲ့စည်းခြင်း

၁။ ခရီးသွားလုပ်ငန်းကော်မတီသည် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေပုဒ်မ ၉ အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ မွန်ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဒေါက်တာအေးဇံ | ပြည်နယ်ဝန်ကြီးချုပ်၊ မွန်ပြည်နယ်အစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| ( ခ ) | ဦးဝဏ္ဏကျော် | စီမံကိန်း၊ ဘဏ္ဍာရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး၊ မွန်ပြည်နယ်အစိုးရအဖွဲ့ | ဒုတိယဥက္ကဋ္ဌ |
| ( ဂ ) | ဦးစိုးမြင့် | ညွှန်ကြားရေးမှူး၊ မွန်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဦးမြင့်အောင် | ညွှန်ကြားရေးမှူး၊ မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| ( င ) | ဦးတင်မောင်နီ | ညွှန်ကြားရေးမှူး၊ မွန်ပြည်နယ်မီးသတ်ဦးစီးဌာန | အဖွဲ့ဝင် |
| ( စ ) | ဦးအောင်အောင်လေး | ညွှန်ကြားရေးမှူး၊ မွန်ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဦးတင်ထူး | ပြည်နယ်ဦးစီးမှူး၊ မွန်ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (ဇ) | ဦးတင်ချယ် | ပြည်နယ်ဦးစီးမှူး<br>မွန်ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အားဆိုင်ရာပြည်နယ်ဦးစီးမှူးရုံး | အဖွဲ့ဝင် |
| (ဈ) | ဒေါ်ရည်မွန်စု | ခရီးသွားလုပ်ငန်းတတ်သိပညာရှင်<br>စီမံခန့်ခွဲမှုဒါရိုက်တာ<br>NEI (National Enlightenment Institute) | အဖွဲ့ဝင် |
| (ည) | ဦးချန်ထွန်း | ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းကိုယ်စားလှယ်<br>ဥက္ကဋ္ဌ၊ မွန်ပြည်နယ်ဟိုတယ်လုပ်ငန်းရှင်များအသင်း | အဖွဲ့ဝင် |
| (ဋ) | ဦးချိုချို | ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းကိုယ်စားလှယ်<br>အတွင်းရေးမှူး၊ မွန်ပြည်နယ်ဟိုတယ်လုပ်ငန်းရှင်များအသင်း | အဖွဲ့ဝင် |
| (ဌ) | ဦးစောသက်နိုင် | ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းကိုယ်စားလှယ်<br>အမှုဆောင်၊ မွန်ပြည်နယ်ဟိုတယ်လုပ်ငန်းရှင်များအသင်း | အဖွဲ့ဝင် |
| (ဍ) | ဦးသန်းထွဋ်ခိုင် | တာဝန်ခံ၊ မွန်ပြည်နယ်<br>ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန | အတွင်းရေးမှူး |

၂။ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဥပဒေပုဒ်မ ၁၀ တွင် ဖော်ပြထားသည့်အတိုင်းဖြစ်သည်။

အုန်းမောင်
ဥက္ကဋ္ဌ
ခရီးသွားလုပ်ငန်းကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ခရီးသွားလုပ်ငန်းကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် ၇/၂၀၁၉**

၁၃၈၀ ပြည့်နှစ်၊ တန်ခူးလဆန်း ၈ ရက်
(၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၂ ရက်)

**ရခိုင်ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီဖွဲ့စည်းခြင်း**

၁။ ခရီးသွားလုပ်ငန်းကော်မတီသည် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေပုဒ်မ ၉ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ရခိုင်ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်း လိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဦးညီပု | ဝန်ကြီးချုပ်၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (ခ) | ဦးကျော်အေးသိန်း | ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး<br>ရခိုင်ပြည်နယ်အစိုးရအဖွဲ့ | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဦးကျော်စိန် | ညွှန်ကြားရေးမှူး၊ ရခိုင်ပြည်နယ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ရဲမှူးကြီးကြည်လင်း | ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး | အဖွဲ့ဝင် |
| (င) | ဒေါက်တာသန်းထိုက် | ညွှန်ကြားရေးမှူး၊ ရခိုင်ပြည်နယ်<br>ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (စ) | ဦးအောင်မင်း | ညွှန်ကြားရေးမှူး၊ ရခိုင်ပြည်နယ်အလုပ်သမား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဦးသက်ထွန်း | ညွှန်ကြားရေးမှူး၊ ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| (ဇ) | ဒေါက်တာထူးမင်းသိမ်း | ညွှန်ကြားရေးမှူး၊ ရခိုင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဦးကျော်မင်းဒင် | ခရီးသွားလုပ်ငန်းတတ်သိပညာရှင် ဥက္ကဋ္ဌ၊ (Myanmar Polestar Travels & Tours Co., Ltd) | အဖွဲ့ဝင် |
| (ည) | ဦးသန်းဦး | ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းကိုယ်စားလှယ် ဥက္ကဋ္ဌ၊ ဟိုတယ်လုပ်ငန်းရှင်များအသင်း (ရခိုင်ဇုန်) | အဖွဲ့ဝင် |
| (ဋ) | ဦးနေမျိုးထွန်း (ခ) ဦးမောင်မောင် | ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းကိုယ်စားလှယ် ဒုတိယဥက္ကဋ္ဌ၊ ဟိုတယ်လုပ်ငန်းရှင်များအသင်း (ရခိုင်ဇုန်) | အဖွဲ့ဝင် |
| (ဌ) | ဦးဇော်မြင့် | ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းကိုယ်စားလှယ် ဥက္ကဋ္ဌ၊ ရခိုင်ဧည့်လမ်းညွှန်များအသင်း | အဖွဲ့ဝင် |
| (ဍ) | ဦးရဲအောင်မိုး | တာဝန်ခံ၊ ရခိုင်ပြည်နယ် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန | အတွင်းရေးမှူး |

၂။ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဥပဒေပုဒ်မ ၁၀ တွင် ဖော်ပြထားသည့်အတိုင်းဖြစ်သည်။

အုန်းမောင်
ဥက္ကဋ္ဌ
ခရီးသွားလုပ်ငန်းကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ခရီးသွားလုပ်ငန်းကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် ၈/၂၀၁၉**

၁၃၈၀ ပြည့်နှစ်၊ တန်ခူးလဆန်း ၈ ရက်

(၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၂ ရက်)

**ရှမ်းပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီဖွဲ့စည်းခြင်း**

၁။ ခရီးသွားလုပ်ငန်းကော်မတီသည် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေပုဒ်မ ၉ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ရှမ်းပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်း လိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဒေါက်တာလင်းထွဋ် | ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (ခ) | ဦးစိုးညွှန့်လွင် | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဦးကိုကိုအောင် | ညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဦးလေးနိုင် | ညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ်ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (င) | ဦးအေးကို | ညွှန်ကြားရေးမှူး (တာဝန်) ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန | အဖွဲ့ဝင် |
| (စ) | ဦးသန်းဗိုလ် | ညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ် ပြည်တွင်းအခွန်များဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဦးဝင်းလွင် | ညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူးရုံး | အဖွဲ့ဝင် |
| (ဇ) | ဒေါ်စိန်မမ | ညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဒေါက်တာကြည်လွင် | ခရီးသွားလုပ်ငန်းတတ်သိပညာရှင် နာယက၊ ဟိုတယ်လုပ်ငန်းရှင်များအသင်း (ရှမ်းတောင်) | အဖွဲ့ဝင် |
| (ည) | ဦးမျိုးမင်းဇော် | ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းကိုယ်စားလှယ် ဥက္ကဋ္ဌ၊ ဟိုတယ်လုပ်ငန်းရှင်များအသင်း (ရှမ်းတောင်) | အဖွဲ့ဝင် |
| (ဋ) | ဦးရဲမြင့်အောင် | ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းကိုယ်စားလှယ် ဥက္ကဋ္ဌ၊ ဟိုတယ်လုပ်ငန်းရှင်များအသင်း (ရွှေတြိဂံဇုန်) | အဖွဲ့ဝင် |
| (ဌ) | ဦးဇော်ဇော် | ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းကိုယ်စားလှယ် ဥက္ကဋ္ဌ၊ ဟိုတယ်လုပ်ငန်းရှင်များအသင်း (ရှမ်းမြောက်ဇုန်) | အဖွဲ့ဝင် |
| (ဍ) | ဦးထင်အောင်နိုင် | တာဝန်ခံ၊ ရှမ်းပြည်နယ် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန | အတွင်းရေးမှူး |

၂။ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေပုဒ်မ ၁၀ တွင် ဖော်ပြထားသည့်အတိုင်းဖြစ်သည်။

အုန်းမောင်
ဥက္ကဋ္ဌ
ခရီးသွားလုပ်ငန်းကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ခရီးသွားလုပ်ငန်းကော်မတီ

## အမိန့်ကြော်ငြာစာအမှတ် ၉/၂၀၁၉

၁၃၈၀ ပြည့်နှစ်၊ တန်ခူးလဆန်း ၈ ရက်
(၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၂ ရက်)

### စစ်ကိုင်းတိုင်းဒေသကြီးဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီဖွဲ့စည်းခြင်း

၁။ ခရီးသွားလုပ်ငန်းကော်မတီသည် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေပုဒ်မ ၉ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ စစ်ကိုင်းတိုင်းဒေသကြီးဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဒေါက်တာမြင့်နိုင် | ဝန်ကြီးချုပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (ခ) | ဦးစိုးဦး | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဦးကျော်ငြိမ်း | ညွှန်ကြားရေးမှူး၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး | အဖွဲ့ဝင် |
| (ဃ) | ဦးစိုးလှမြင့် | ညွှန်ကြားရေးမှူး၊ စစ်ကိုင်းတိုင်းဒေသကြီး စီမံကိန်းရေးဆွဲရေးဦးစီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (င) ဦးယဉ်ထွေး | ညွှန်ကြားရေးမှူး၊ စစ်ကိုင်းတိုင်းဒေသကြီး လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (စ) ဦးသန်းစိုး | ညွှန်ကြားရေးမှူး၊ စစ်ကိုင်းတိုင်းဒေသကြီး သစ်တောဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) ဦးသစ်ထူးမြင့် | ညွှန်ကြားရေးမှူး၊ စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| (ဇ) ဒေါ်မိုးမိုးသိန်း | ဒုတိယညွှန်ကြားရေးမှူး၊ စစ်ကိုင်းတိုင်းဒေသကြီး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) ဦးကျော်စွာမင်း | ခရီးသွားလုပ်ငန်းတတ်သိပညာရှင် အဖွဲ့ဝင်၊ စစ်ကိုင်းတိုင်းဒေသကြီးခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ အုပ်ချုပ်မှုဒါရိုက်တာ (Grand Lotus ခရီးသွားကုမ္ပဏီ) | အဖွဲ့ဝင် |
| (ည) ဦးငွေရွှေ | ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းကိုယ်စားလှယ် ဥက္ကဋ္ဌ၊ ဟိုတယ်လုပ်ငန်းရှင်များအသင်း (စစ်ကိုင်းဇုန်) | အဖွဲ့ဝင် |
| (ဋ) ဦးအောင်ကြီး | ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းကိုယ်စားလှယ် ဥက္ကဋ္ဌ၊ ဟိုတယ်လုပ်ငန်းရှင်များအသင်း (ရွှေဘို) | အဖွဲ့ဝင် |
| (ဌ) ဦးအောင်သူဦး | တာဝန်ခံ၊ စစ်ကိုင်းတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန | အတွင်းရေးမှူး |
| (ဍ) ဦးသန်းငွေ | ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းကိုယ်စားလှယ် အဖွဲ့ဝင်၊ တိုင်းဒေသကြီးခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ | တွဲဖက် အတွင်းရေးမှူး |

၂။ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဥပဒေပုဒ်မ ၁၀ တွင် ဖော်ပြထားသည့်အတိုင်းဖြစ်သည်။

အုန်းမောင်
ဥက္ကဋ္ဌ
ခရီးသွားလုပ်ငန်းကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ခရီးသွားလုပ်ငန်းကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် ၁၀/၂၀၁၉**

၁၃၈၀ ပြည့်နှစ်၊ တန်ခူးလဆန်း ၈ ရက်
(၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၂ ရက်)

**မကွေးတိုင်းဒေသကြီး ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီဖွဲ့စည်းခြင်း**

၁။ ခရီးသွားလုပ်ငန်းကော်မတီသည် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေပုဒ်မ ၉ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ မကွေးတိုင်းဒေသကြီး ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) ဒေါက်တာအောင်မိုးညို | ဝန်ကြီးချုပ်၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (ခ) ဦးဇော်မင်း | စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ | ဒုတိယဥက္ကဋ္ဌ |

| | | | |
|---|---|---|---|
| (ဂ) | ဦးတင်ဝင်းရွှေ | ညွှန်ကြားရေးမှူး၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး | အဖွဲ့ဝင် |
| (ဃ) | ဦးမြင့်သိန်းခိုင် | ညွှန်ကြားရေးမှူး၊ မကွေးတိုင်းဒေသကြီး သစ်တောဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ဦးညွန့်နိုင် | တိုင်းဒေသကြီးဦးစီးမှူး၊ မကွေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ဦးစောလွင် | တိုင်းဒေသကြီးဦးစီးမှူး၊ မကွေးတိုင်းဒေသကြီး ရှေးဟောင်းသုတေသနဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဦးအောင်ကျော်မြင့် | တိုင်းဒေသကြီးဦးစီးမှူး၊ မကွေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ တိုင်းဦးစီးမှူးရုံး | အဖွဲ့ဝင် |
| (ဇ) | ဦးဝင်းကိုကို | တိုင်းဒေသကြီးတာဝန်ခံ၊ မကွေးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဦးအောင်မင်းနိုင် | ခရီးသွားလုပ်ငန်းတတ်သိပညာရှင် အပူပိုင်းဇုန်မန်နေဂျာ၊ (Action Aid) မြိုင် - CBT) | အဖွဲ့ဝင် |
| (ည) | ဦးစံထွေး | ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းကိုယ်စားလှယ် ဥက္ကဋ္ဌ၊ ဟိုတယ်လုပ်ငန်းရှင်များအသင်း (မကွေးဇုန်) | အဖွဲ့ဝင် |
| (ဋ) | ဦးတင်လှိုင်ထွန်း | ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းကိုယ်စားလှယ် အုပ်ချုပ်မှုဒါရိုက်တာ၊ (My Apex Travels & Tours Co., Ltd) | အဖွဲ့ဝင် |
| (ဌ) | ဦးမြင့်စိုး | ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းကိုယ်စားလှယ် ဥက္ကဋ္ဌ (ပုဂ္ဂလိကပိုင် လုပ်ငန်းသုံး မော်တော်ယာဉ် လိုင်းများကြီးကြပ်ရေးကော်မတီ) | အဖွဲ့ဝင် |
| (ဍ) | ဦးမြင့်စိန် | တာဝန်ခံ၊ မကွေးတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန | အတွင်းရေးမှူး |

၂။ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဥပဒေပုဒ်မ ၁၀ တွင် ဖော်ပြထားသည့်အတိုင်းဖြစ်သည်။

အုန်းမောင်
ဥက္ကဋ္ဌ
ခရီးသွားလုပ်ငန်းကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## နိုင်ငံခြားရေးဝန်ကြီးဌာန

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တန်ခူးလဆန်း ၄ ရက်

(၂၀၁၉ ခုနှစ်၊ ဧပြီလ ၈ ရက်)

အမှတ် ၂၈၄/၂၀၁၉ ။ ။ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဥက္ကာအား ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့မှအစပြု၍ အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုပြီး ခွင့်ရက်များကုန်ဆုံးပြီးသည့် ၂၀၁၉ ခုနှစ်၊ မေလ ၁၀ ရက်နေ့မှအစပြု၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အခန်း (၂၁)၊ အပိုဒ် ၂၃၃ (က) အရ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၄ ရက်
(၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၃ ရက်)

အမှတ် ၃၂၃/၂၀၁၉ ။ ။ အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဒေါ်အိအိခင်ဇ အား ၂၀၁၉ ခုနှစ်၊ မေလ ၂၀ ရက်နေ့မှအစပြု၍ ခံစားရန်ရှိသည့် အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၈၁ အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

အမိန့်အရ

အောင်ဆန်းစုကြည်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
နိုင်ငံခြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြန်ကြားရေးဝန်ကြီးဌာန

၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၅ ရက်
(၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၄ ရက်)

အမှတ် ၄၂ ။ ။ ၁၉၉၆ ခုနှစ်၊ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ အခန်း (၆)၊ ပုဒ်မ (၁၉) အရ လည်းကောင်း၊ ၁၉၉၈ ခုနှစ်၊ ဗီဒီယိုလုပ်ငန်းဆိုင်ရာနည်းဥပဒေများ အခန်း (၆)၊ နည်းဥပဒေ (၂၃) (၂၄) အရလည်းကောင်း ဗီဒီယိုလုပ်ငန်းများစိစစ်ကြီးကြပ်နိုင်ရန်အတွက် ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁ ရက်မှ ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၃၁ ရက်နေ့အထိ (၂) နှစ်သက်တမ်းရှိသော စစ်ကိုင်းတိုင်းဒေသကြီး ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်ပါသည် -

**စစ်ကိုင်းတိုင်းဒေသကြီး ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ**

(က) ဦးတင်မောင်ဆွေ — ဥက္ကဋ္ဌ
တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး
တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
စစ်ကိုင်းတိုင်းဒေသကြီး

(ခ) ရဲမှူးကြီးလေးစိုး — အဖွဲ့ဝင်
တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး
တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး
စစ်ကိုင်းတိုင်းဒေသကြီး

(ဂ) ဦးသန့်ဇင် — အဖွဲ့ဝင်
တိုင်းဒေသကြီးဥပဒေအရာရှိ
တိုင်းဒေသကြီးဥပဒေချုပ်ရုံး
စစ်ကိုင်းတိုင်းဒေသကြီး

(ဃ) ဦးမောင်မောင်စိုးဝင်း — အဖွဲ့ဝင်
လက်ထောက်အထွေထွေမန်နေဂျာ
တိုင်းဒေသကြီးမြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
စစ်ကိုင်းတိုင်းဒေသကြီး

(င) ဦးဝင်းအောင်ညို — အဖွဲ့ဝင်
တိုင်းဒေသကြီးဦးစီးမှူး
တိုင်းဒေသကြီးပြည်တွင်းအခွန်များဦးစီးဌာန
စစ်ကိုင်းတိုင်းဒေသကြီး

(စ) ဒေါ်ယဉ်ဆွေဝင်း　　အဖွဲ့ဝင်
တိုင်းဒေသကြီးဦးစီးမှူး
တိုင်းဒေသကြီးပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
စစ်ကိုင်းတိုင်းဒေသကြီး

(ဆ) ဦးသာချို　　အဖွဲ့ဝင်
ဥက္ကဋ္ဌ
တိုင်းဒေသကြီးဗီဒီယိုအခြေခံအဖွဲ့ခွဲ
စစ်ကိုင်းတိုင်းဒေသကြီး

(ဇ) ဦးဇော်လင်း　　အတွင်းရေးမှူး
တိုင်းဒေသကြီးဦးစီးမှူး
တိုင်းဒေသကြီးမြန်မာ့ရုပ်ရှင်မြှင့်တင်ရေးဦးစီးဌာန
စစ်ကိုင်းတိုင်းဒေသကြီး

၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၃ ရက်
(၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၂ ရက်)

အမှတ် ၄၃ ။　။ ၁၉၉၆ ခုနှစ်၊ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ အခန်း (၆)၊ ပုဒ်မ (၁၉) အရလည်းကောင်း၊ ၁၉၉၈ ခုနှစ်၊ ဗီဒီယိုလုပ်ငန်းဆိုင်ရာနည်းဥပဒေများ အခန်း (၆)၊ နည်းဥပဒေ (၂၃) (၂၄) အရလည်းကောင်း ဗီဒီယိုလုပ်ငန်းများစိစစ်ကြီးကြပ်နိုင်ရန်အတွက် ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁ ရက်မှ ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၃၁ ရက်နေ့အထိ (၂) နှစ်သက်တမ်းရှိသော ပဲခူးတိုင်းဒေသကြီး ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်ပါသည် -

**ပဲခူးတိုင်းဒေသကြီး ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ**

(က) ဗိုလ်မှူးကြီးလှမျိုးရွှေ　　ဥက္ကဋ္ဌ
ဝန်ကြီး
လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန
ပဲခူးတိုင်းဒေသကြီး

(ခ) ဦးတင်ထူးမောင်　　အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပဲခူးတိုင်းဒေသကြီး

(ဂ) ရဲမှူးကြီးစိန်လွင်　　အဖွဲ့ဝင်
တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး
တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး
ပဲခူးတိုင်းဒေသကြီး

(ဃ) ဦးစိုးစိုး　　အဖွဲ့ဝင်
တိုင်းဒေသကြီးဥပဒေအရာရှိ
တိုင်းဒေသကြီးဥပဒေချုပ်ရုံး
ပဲခူးတိုင်းဒေသကြီး

(င) ဦးအောင်မိုး　　အဖွဲ့ဝင်
တိုင်းဒေသကြီးဦးစီးမှူး
တိုင်းဒေသကြီးပြည်တွင်းအခွန်များဦးစီးဌာန
ပဲခူးတိုင်းဒေသကြီး

(စ) ဦးအောင်မြင့် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့
ပဲခူးတိုင်းဒေသကြီး

(ဆ) ဦးစိုးစိုး — အဖွဲ့ဝင်
တိုင်းဒေသကြီးမန်နေဂျာ
တိုင်းဒေသကြီးမြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
ပဲခူးတိုင်းဒေသကြီး

(ဇ) ဦးအောင်မြင့်သန်း — အဖွဲ့ဝင်
ဥက္ကဋ္ဌ
တိုင်းဒေသကြီးဗီဒီယိုအခြေခံအဖွဲ့ခွဲ
ပဲခူးတိုင်းဒေသကြီး

(ဈ) ဦးစိုးပိုင် — အတွင်းရေးမှူး
တိုင်းဒေသကြီးဦးစီးမှူး
တိုင်းဒေသကြီးပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
ပဲခူးတိုင်းဒေသကြီး

ဒေါက်တာဖေမြင့်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြန်ကြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

### အမိန့်ကြော်ငြာစာ (၃၁/၂၀၁၉)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက်
(၂၀၁၉ ခုနှစ်၊ မတ်လ ၂၆ ရက်)

၁။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ခန္တီးမြို့နယ်၊ ဟုမ္မလင်းမြို့နယ်၊ လေရှီးမြို့နယ်၊ လဟယ်မြို့နယ်၊ နန်းယွန်းမြို့နယ်ဟူ၍ မြို့နယ် (၅) မြို့နယ်ဖြင့်ဖွဲ့စည်းထားသည့် ခန္တီးခရိုင်မှ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကို ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) အရ လေရှီးမြို့နယ်၊ လဟယ်မြို့နယ်၊ နန်းယွန်းမြို့နယ်များနှင့် ဖွဲ့စည်းထားပြီးဖြစ်သဖြင့် ခန္တီးမြို့နယ်နှင့် ဟုမ္မလင်းမြို့နယ်တို့ကိုစုစည်း၍ ခန္တီးခရိုင်အဖြစ် နယ်နိမိတ်ပြင်ဆင်ဖွဲ့စည်းခြင်းကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

| **မူလခရိုင်** | **မူလမြို့နယ်** | **ပြုပြင်ဖွဲ့စည်းပြီး ခရိုင်** | **ပြုပြင်ဖွဲ့စည်းပြီး မြို့နယ်** |
|---|---|---|---|
| (က) ခန္တီး | (၁) ခန္တီး | (၁) ခန္တီး | (၁) ခန္တီး |
| | (၂) ဟုမ္မလင်း | | (၂) ဟုမ္မလင်း |
| | (၃) **လေရှီး** | | |
| | (၄) **လဟယ်** | | |
| | (၅) **နန်းယွန်း** | | |

| **မူလကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ** | **မူလမြို့နယ်** | **ပြုပြင်ဖွဲ့စည်းပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ** | **ပြုပြင်ဖွဲ့စည်းပြီး မြို့နယ်** |
|---|---|---|---|
| (ခ) - | - | (၁) **နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ** | (၁) **လေရှီး** |
| | | | (၂) **လဟယ်** |
| | | | (၃) **နန်းယွန်း** |

၂။ အထက်ဖော်ပြပါအတိုင်း စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ခန္တီးမြို့နယ်၊ ဟုမ္မလင်းမြို့နယ်၊ လေရှီးမြို့နယ်၊ လဟယ်မြို့နယ်၊ နန်းယွန်းမြို့နယ်ဟူ၍ မြို့နယ် (၅) မြို့နယ်ဖြင့်ဖွဲ့စည်းထားသည့် ခန္တီးခရိုင်မှ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကို ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) အရ လေရှီးမြို့နယ်၊ လဟယ်မြို့နယ်၊ နန်းယွန်းမြို့နယ်များနှင့် ဖွဲ့စည်းထားပြီးဖြစ်သဖြင့် ခန္တီးမြို့နယ်နှင့် ဟုမ္မလင်းမြို့နယ်တို့ကိုစုစည်း၍ ခန္တီးခရိုင်အဖြစ် နယ်နိမိတ်ပြင်ဆင်ဖွဲ့စည်းခြင်းကြောင့် ခန္တီးမြို့နယ်၊ ဟုမ္မလင်းမြို့နယ်၊ လေရှီးမြို့နယ်၊ လဟယ်မြို့နယ်၊ နန်းယွန်းမြို့နယ်များအတွင်းပါဝင်သည့် မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာများ၏ ဖွဲ့စည်းတည်ရှိမှုဧရိယာအကျယ်အဝန်းနှင့် နယ်နိမိတ်အလားအလာသတ်မှတ်ချက်များသည် သက်ဆိုင်ရာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့၏ အမှုတွဲတွင်ပါရှိသည့်အတိုင်းဖြစ်သည်။

## အမိန့်ကြော်ငြာစာ (၃၂/၂၀၁၉)

၁။ ရှမ်းပြည်နယ်၊ လားရှိုးခရိုင်၊ သိန္နီမြို့နယ်၊ ကုန်းညောင်ကျေးရွာအုပ်စုအတွင်းရှိ မန်ဟယ်ကျေးရွာကို ကွန်ကောက်ကျေးရွာအုပ်စုအတွင်းသို့ ပြောင်းရွှေ့ဖွဲ့စည်းခြင်းကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

| **မူလကျေးရွာအုပ်စု** | **မူလကျေးရွာ** | **ပြုပြင်ဖွဲ့စည်းပြီး ကျေးရွာအုပ်စု** | **ပြုပြင်ဖွဲ့စည်းပြီး ကျေးရွာ** |
|---|---|---|---|
| (က) ကုန်းညောင် | (၁) ကုန်းညောင် | (၁) ကုန်းညောင် | (၁) ကုန်းညောင် |
| | (၂) ပန်းကန်း | | (၂) ပန်းကန်း |
| | (၃) လွယ်လွမ်း | | (၃) လွယ်လွမ်း |
| | (၄) ဖာတန် | | (၄) ဖာတန် |
| | (၅) **မန်ဟယ်** | | |
| (ခ) ကွန်ကောက် | (၁) ကွန်ကောက် | (၁) ကွန်ကောက် | (၁) ကွန်ကောက် |
| | (၂) ဖိုင်ခမ်း | | (၂) ဖိုင်ခမ်း |
| | (၃) ပိန်းဟုန်း | | (၃) ပိန်းဟုန်း |
| | (၄) တန့်ခန် | | (၄) တန့်ခန် |
| | (၅) ပေါင်းချို | | (၅) ပေါင်းချို |
| | (၆) ပိန်းကန်း | | (၆) ပိန်းကန်း |
| | (၇) နောင်မောင်း | | (၇) နောင်မောင်း |
| | (၈) ဟိုနောင် | | (၈) ဟိုနောင် |
| | | | (၉) **မန်ဟယ်** |

၂။ အထက်ဖော်ပြပါအတိုင်း ရှမ်းပြည်နယ်၊ လားရှိုးခရိုင်၊ သိန္နီမြို့နယ်၊ ကုန်းညောင်ကျေးရွာအုပ်စုအတွင်းရှိ မန်ဟယ်ကျေးရွာကို ကွန်ကောက်ကျေးရွာအုပ်စုအတွင်းသို့ ပြောင်းရွှေ့ဖွဲ့စည်းခြင်းကြောင့် သိန္နီမြို့နယ်အတွင်းပါဝင်သည့် မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာများ၏ ဖွဲ့စည်းတည်ရှိမှု ဧရိယာအကျယ်အဝန်းနှင့် နယ်နိမိတ်အလားအလာ သတ်မှတ်ချက်များသည် သိန္နီမြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ အမှုတွဲတွင်ပါရှိသည့်အတိုင်းဖြစ်သည်။

## အမိန့်ကြော်ငြာစာ (၆၂/၂၀၁၉)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်
(၂၀၁၉ ခုနှစ်၊ မတ်လ ၂၈ ရက်)

မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ သံဖြူဇရပ်မြို့၊ ဖောင်စိန်ရပ်ကွက်၊ ကွင်းအမှတ်/အမည် - OSS - ၅/ကြေးတိုင်ပြင်ကွင်း၊ ဦးပိုင်အမှတ် ( - ) ရှိ **ရေစက်တောင်မွန်ကျောင်း** အခွန်လွတ်သာသနာမြေဧရိယာ ၁. ၃၉ ဧက အနက်မှ **၀. ၀၂ ဧက** အား ဗဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အောက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ - ၃၄ နှင့်အညီ **သိမ်ဒါယကာ ဦးစိုးဝင်း [၁၀/သဖရ (နိုင်) ၀၀၈၀၉၂]** အား ဗဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၆၃/၂၀၁၉)

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့၊ မီးရထားရပ်ကွက်၊ ကွင်းအမှတ်/အမည်-၇၉၇/ရွာထောင်အရှေ့ကွင်း၊ မြေကွက်အမှတ် (၁၅၅/၃၈၃) ရှိ **ကုက္ကနာရာမကျောင်းတိုက်** အခွန်လွတ်သာသနာမြေဧရိယာ **(၁. ၀၅) ဧက** အနက်မှ **(၀. ၀၃၇) ဧက** ကို ဗဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၃ (က) နှင့်အညီ **သိမ်ဒါယကာ ဦးခွန်အောင်ကျော် [၁၃/လလန (နိုင်) ၀၈၁၀၀၉] + သိမ်ဒါယိကာမ ဒေါ်မြင့်မြင့်သန်း [၁၃/လရန (နိုင်) ၀၁၈၉၀၈]** အား ဗဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

မင်းသူ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၃၀/၂၀၁၉)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက်
(၂၀၁၉ ခုနှစ်၊ ဧပြီလ ၃ ရက်)

ပြည်ထောင်စုရာထူးအဖွဲ့၏ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်စွဲပါ စာအမှတ်၊ ၂၇၀၅/၅၆/၃/ရခ-၃/၂၀၁၇-၂၀၁၈ ဖြင့် ရွေးချယ်ပေးပို့သော အောက်ဖော်ပြပါဌာနဆိုင်ရာဝန်ထမ်း ၁၃ ဦးနှင့် ပြင်ပပုဂ္ဂိုလ် ၆ ဦး၊ စုစုပေါင်း ၁၉ ဦးတို့ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ဦးစီးအရာရှိရာထူး၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) နေရာ၌ ၂၀၁၉ ခုနှစ်၊ မတ်လ ၁၁ ရက်နေ့မှစ၍ စတင်ခန့်ထားလိုက်သည် -

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | ခန့်ထားမည့်ရုံး | မှတ်ချက် |
|---|---|---|---|---|
| (က) | ဦးသန်းစိုးမင်း | ၉/မထလ (နိုင်) ၂၉၁၀၄၇ | စစ်ကိုင်းခရိုင် သာသနာရေးမှူးရုံး | ဝန်ထမ်း |
| (ခ) | ဦးကောင်းထက်ဖော် | ၇/တငန (နိုင်) ၁၉၂၆၉၀ | ပဲခူးတိုင်းဒေသကြီး သာသနာရေးမှူးရုံးခွဲ (ပြည်) | ဝန်ထမ်း |
| (ဂ) | ဦးအောင်ချမ်းမြေ့ | ၅/မရန (နိုင်) ၂၅၇၇၁၇ | ကသာခရိုင် သာသနာရေးမှူးရုံး | ဝန်ထမ်း |

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ် | ခန့်ထားမည့်ရုံး | မှတ်ချက် |
|---|---|---|---|---|
| (ယ) | ဦးပြည့်ဖြိုးဦး | ၅/ကနန (နိုင်) ၀၈၉၄၅၅ | ရွှေဘိုခရိုင် သာသနာရေးမှူးရုံး | ဝန်ထမ်း |
| (ငံ) | ဦးအောင်ကိုကိုတင် | ၈/ကမန (နိုင်) ၀၄၃၄၂၉ | မကွေးတိုင်းဒေသကြီး သာသနာရေးမှူးရုံး | ဝန်ထမ်း |
| (စ) | ဦးဖြိုးသူ | ၇/ဖမန (နိုင်) ၁၂၈၆၅၅ | ရှမ်းပြည်နယ် သာသနာရေးမှူးရုံး | ဝန်ထမ်း |
| (ဆ) | ဦးဝေဖြိုးအောင် | ၅/မရန (နိုင်) ၂၀၉၀၀၅ | ဒက္ခိဏခရိုင် သာသနာရေးမှူးရုံး | ဝန်ထမ်း |
| (ဇ) | ဦးခင်မောင်အေး | ၅/ကဘလ (နိုင်) ၁၆၄၀၃၃ | မွန်ပြည်နယ် သာသနာရေးမှူးရုံး | ဝန်ထမ်း |
| (ဈ) | ဦးလွင်နိုင် | ၉/မထလ (နိုင်) ၂၉၁၁၁၉ | ရှမ်းပြည်နယ် သာသနာရေးမှူးရုံးခွဲ (လားရှိုး) | ပြင်ပ |
| (ည) | ဦးအောင်မင်းသိန်း | ၁၄/အဂပ (နိုင်) ၁၈၈၆၈၆ | ဟင်္သာတခရိုင် သာသနာရေးမှူးရုံး | ဝန်ထမ်း |
| (ဋ) | ဦးသိဏ်းထူးဇော် | ၁၂/သကတ (နိုင်) ၁၈၁၂၃၇ | ကော့ကရိတ်ခရိုင် သာသနာရေးမှူးရုံး | ဝန်ထမ်း |
| (ဌ) | ဦးကျော်ရဲအောင် | ၉/ပဗသ (နိုင်) ၀၀၆၉၉၀ | မြောင်းမြမြို့နယ် သာသနာရေးမှူးရုံး | ပြင်ပ |
| (ဍ) | ဦးဟန်ထွန်းဇော် | ၇/လပတ (နိုင်) ၁၂၂၀၈၈ | ကျောက်မဲခရိုင် သာသနာရေးမှူးရုံး | ပြင်ပ |
| (ဎ) | ဦးအောင်မြင့်အေး | ၁၃/မဘန (နိုင်) ၀၂၆၅၃၂ | ဗန်းမော်ခရိုင် သာသနာရေးမှူးရုံး | ဝန်ထမ်း |
| (ဏ) | ဦးကပ်လျှန်းထန် | ၄/မတပ (နိုင်) ၀၃၇၇၁၄ | ကချင်ပြည်နယ် သာသနာရေးမှူးရုံး | ပြင်ပ |
| (တ) | ဦးနေဇော် | ၁၃/လလန (နိုင်) ၀၇၀၀၆၃ | သံတွဲခရိုင် သာသနာရေးမှူးရုံး | ပြင်ပ |
| (ထ) | ဦးခန့်ဝင်း | ၅/ကဘလ (နိုင်) ၁၈၃၃၇၃ | မော်လိုက်ခရိုင် သာသနာရေးမှူးရုံး | ပြင်ပ |
| (ဒ) | ဦးသော်ဇင်ထွန်း | ၅/ရဘန (နိုင်) ၂၀၂၄၁၀ | ခန္တီးခရိုင် သာသနာရေးမှူးရုံး | ဝန်ထမ်း |
| (ဓ) | ဦးရှိန်းမောင်ဝင်း | ၉/မထလ (နိုင်) ၂၂၉၉၇၈ | မန္တလေးတိုင်းဒေသကြီး သာသနာရေးမှူးရုံး | ဝန်ထမ်း |

သူရဦးအောင်ကို၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ဆောက်ရေး ဦးစီးကော်မတီ
# (ဝန်ကြီးရုံး)

၁၃၈၀ ပြည့်နှစ်၊ တန်ခူးလဆန်း ၁ ရက်

(၂၀၁၉ ခုနှစ်၊ ဧပြီလ ၅ ရက်)

## လုပ်ငန်းနှင့် စာရင်းစစ်ဆေးရေးဆပ်ကော်မတီ ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ကံ့ကော်ပန်းဝိုင်းအနီး ထာဝရငြိမ်းချမ်းရေး စေတီတော်ပရိဝုဏ်တွင် ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ထားကိုးကွယ်ရေးအတွက် ဩဝါဒါစရိယ ဆရာတော်များအဖွဲ့၊ နာယကအဖွဲ့၊ စေတီတော်တည်ဆောက်ရေး ဦးစီးကော်မတီ၊ စေတီတော်တည်ဆောက်ရေး လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီ ၈ ခုအပြင် အောက်ဖော်ပြပါ **လုပ်ငန်းနှင့် စာရင်းစစ်ဆေးရေး ဆပ်ကော်မတီ** ကို တိုးချဲ့ဖွဲ့စည်းလိုက်သည် -

**(က) လုပ်ငန်းနှင့် စာရင်းစစ်ဆေးရေးဆပ်ကော်မတီ**

| | | |
|---|---|---|
| (၁) | ဒေါ်ခိုင်ခိုင်အောင်<br>ညွှန်ကြားရေးမှူးချုပ်<br>စစ်ဆေးရေးဦးစီးဌာန<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | ဥက္ကဋ္ဌ |
| (၂) | ဒေါ်ဝေလွင်မြင့်<br>ညွှန်ကြားရေးမှူး<br>စစ်ဆေးရေးဦးစီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | အဖွဲ့ဝင် |
| (၃) | ဦးသိန်းနိုင်<br>ညွှန်ကြားရေးမှူး<br>နေပြည်တော်စာရင်းစစ်ရုံး၊ စစ်ဆေးရေးဦးစီးဌာန<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | အဖွဲ့ဝင် |
| (၄) | ဒေါ်လတ်လတ်မိုး<br>ဒုတိယညွှန်ကြားရေးမှူး<br>ဝန်ကြီးရုံး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ဒေါ်အေးပုလဲဦး<br>ဒုတိယညွှန်ကြားရေးမှူး<br>စစ်ဆေးရေးဦးစီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | အဖွဲ့ဝင် |
| (၆) | ဒေါ်သန်းသန်းအေး<br>လက်ထောက်ညွှန်ကြားရေးမှူး<br>ဝန်ကြီးရုံး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၇) | ဒေါ်သူဇာအောင်<br>ဦးစီးအရာရှိ<br>ဝန်ကြီးရုံး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၈) | ဒေါ်သင်းသင်းယု<br>ဦးစီးအရာရှိ<br>ဝန်ကြီးရုံး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |

(၉) ဦးဇော်ဇော်ဦး အတွင်းရေးမှူး
ညွှန်ကြားရေးမှူး (စီမံ/ဘဏ္ဍာ)
အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

**လုပ်ငန်းတာဝန်များ**

- ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ဆောက်ရေးလုပ်ငန်းနှင့် စာရင်းစစ်ဆေးကြီးကြပ်ရန်၊
- ထာဝရငြိမ်းချမ်းရေးစေတီတော် အလှူခံရရှိငွေ၊ အသုံးစရိတ်များကို ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ် စစ်ဆေးရန်၊
- ၂၀၁၉ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့အထိ ဆောင်ရွက်ပြီးသော ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ဆောက်ရေးလုပ်ငန်းနှင့် စာရင်း စစ်ဆေးခြင်းကို ၂၀၁၉ ခုနှစ်၊ မေလ ပထမပတ်မှစတင်၍ စစ်ဆေးရန်၊
- အခြားဆပ်ကော်မတီအသီးသီးနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်။

၂။ အထက်ဖော်ပြပါ လုပ်ငန်းနှင့် စာရင်းစစ်ဆေးရေးဆပ်ကော်မတီအဖွဲ့ကို လုပ်ငန်းလိုအပ်ချက်အရ တိုးချဲ့ဖွဲ့စည်းလိုက်ပြီး အဖွဲ့ဝင်များကို လိုအပ်သလို တိုးချဲ့ဖွဲ့စည်းနိုင်သည်။

ဥက္ကဋ္ဌ (ကိုယ်စား)၊
ဇာနည်ဝင်း၊
ဒုတိယအမြဲတမ်းအတွင်းဝန်၊
ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ဆောက်ရေး ဦးစီးကော်မတီ။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၃၄/၂၀၁၉)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၆ ရက်
(၂၀၁၉ ခုနှစ်၊ မတ်လ ၁၁ ရက်)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီးရုံးမှ တိုင်းဒေသကြီးဦးစီးဌာနမှူး/ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဦးတင်ထွန်းအောင်အား ၂၀၁၉ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့မှစ၍ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုပြီး အသက် (၆၀) နှစ်ပြည့်မည့် ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) အရ သက်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၃၉/၂၀၁၉)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်
(၂၀၁၉ ခုနှစ်၊ ဧပြီလ ၂ ရက်)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်) မှ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဦးကိုကိုနိုင် အား ၂၀၁၉ ခုနှစ်၊ မေလ ၇ ရက်နေ့မှစ၍ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုပြီး အသက် (၆၀) နှစ် ပြည့်မည့် ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) အရ သက်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၅၄/၂၀၁၉)**

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တန်ခူးလဆန်း ၆ ရက်

(၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၀ ရက်)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံးမှ တိုင်းဒေသကြီးဦးစီးဌာနမှူး/ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဦးလှဝင်း ၏ ၂၀၁၉ ခုနှစ်၊ မေလ ၂၃ ရက်နေ့မှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုပါရန် လျှောက်ထားလာခြင်းကို နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ (၂၂) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ (၈၁) တို့အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

ငြင်းပယ်ခဲ့သော အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်နေ့ နံနက်ပိုင်းမှစ၍ ခံစားခွင့်ပြုပြီးနောက် ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂၃ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

ဒေါက်တာအောင်သူ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။

**[ ယခင်အပတ် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ အမိန့်ကြော်ငြာစာအမှတ် ၂၄၁/၂၀၁၈၊ မြန်မာနိုင်ငံလေယာဉ် နည်းဥပဒေများမှ အဆက် ]**

**အခန်း (၁၂)**

**လေကြောင်းလုပ်ငန်းဆောင်ရွက်သူ အသိအမှတ်ပြုလက်မှတ်**

**လေကြောင်းလုပ်ငန်းဆောင်ရွက်သူ အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်း**

၁၅၆။ (က) ဤနည်းဥပဒေ၏ နည်းဥပဒေခွဲ (ခ) အရ အသိအမှတ်ပြုလက်မှတ်ကိုင်ဆောင်ထားသူက အများပြည်သူပို့ဆောင်ရေးအတွက် လေယာဉ်များကို ဘေးအန္တရာယ်ကင်းရှင်းစွာ ပျံသန်းဆောင်ရွက်နိုင်သည့်စွမ်းရည်ရှိကြောင်း ခွင့်ပြုသည့် လေကြောင်းလုပ်ငန်းဆောင်ရွက်သူ အသိအမှတ်ပြုလက်မှတ်နှင့် ထိုလက်မှတ်ပါ သတ်မှတ်ချက်များနှင့်အညီမှတစ်ပါး မည်သည့် လေယာဉ်ကိုမျှ မြန်မာနိုင်ငံအတွင်း စီးပွားရေးလုပ်ငန်းအဖြစ် အများပြည်သူပို့ဆောင်ရေး အတွက် အသုံးမပြုရ။

(ခ) (၁) လေကြောင်းလုပ်ငန်းဆောင်ရွက်သူ အသိအမှတ်ပြုလက်မှတ်လျှောက်ထားသူသည် ၎င်း၏ယခင်ကလုပ်ဆောင်ခဲ့မှုနှင့် အတွေ့အကြုံ၊ ၎င်း၏စက်ပစ္စည်း၊ ဖွဲ့စည်းမှု၊ အမှုထမ်းများ၊ ပြုပြင်ထိန်းသိမ်းရေးနှင့် အခြားအစီအစဉ်များအရ အဆိုပါလက်မှတ်တွင် သတ်မှတ်ဖော်ပြသည့် ခရီးလမ်းကြောင်းများနှင့် ရည်ရွယ်သည့်လုပ်ငန်းများအတွက် သတ်မှတ်ထားသည့် လေယာဉ်အမျိုးအစားများကို ဘေးအန္တရာယ်ကင်းရှင်းစွာ ပျံသန်းဆောင်ရွက်နိုင်သည့် စွမ်းရည်ပြည့်ဝကြောင်းကို ညွှန်ကြားရေးမှူးချုပ်သည် ကျေနပ်လက်ခံပါက ထိုသူအား လေကြောင်းလုပ်ငန်းဆောင်ရွက်သူ အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရမည်။

(၂) ညွှန်ကြားရေးမှူးချုပ်သည် ဤနည်းဥပဒေများ၏ နည်းဥပဒေ ၁၉ နှင့်အညီ အဆိုပါ လက်မှတ်ကို သင့်လျော်သည့်သတ်မှတ်ချက်များဖြင့် ထုတ်ပေးရမည်ဖြစ်ပြီး အသိအမှတ်ပြု လက်မှတ်တွင် ဖော်ပြထားသည့်သက်တမ်းတစ်လျှောက် သက်ဝင်နေစေရမည်။

## အသိအမှတ်ပြုလက်မှတ် ထုတ်ပေးသည့်အာဏာပိုင်၏ လုပ်ပိုင်ခွင့်များ

၁၅၇။ ညွှန်ကြားရေးမှူးချုပ်သည် -

(က) ဤနည်းဥပဒေများ၏ ပြဋ္ဌာန်းချက်အရ လေယာဉ်ဝန်ဆောင်မှုသည် လေကြောင်းပို့ဆောင်ရေး ဖွဲ့စည်းတည်ထောင်သည့်သဘောသက်ရောက်ခြင်း ရှိ မရှိကို ဤနည်းဥပဒေများပါ ဖွင့်ဆိုသည့် အဓိပ္ပာယ်နှင့်အညီ အဆုံးအဖြတ်ပေးခြင်း၊ လေကြောင်းပို့ဆောင်ရေးလုပ်ငန်းတစ်ခုကို မြန်မာနိုင်ငံအတွင်းတွင် လုံးဝဖြစ်စေ၊ မြန်မာနိုင်ငံမှ ပြင်ပရှိတစ်နေရာ သို့မဟုတ် နေရာများအကြားတွင် ဖြစ်စေ ၎င်းကသင့်လျော်သည်ဟု ထင်မြင်ယူဆသော စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရန် လုပ်ငန်းလုပ်ကိုင်ခွင့်လက်မှတ်ထုတ်ပေးခြင်း၊ လျှောက်ထားသည့်လိုင်စင်ကို ထုတ်ပေးရန်ငြင်းပယ်ခြင်းနှင့် လုပ်ငန်းလုပ်ကိုင်ခွင့်လက်မှတ်ကို ပြင်ဆင်ခြင်း၊ ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ပြန်လည်ရုပ်သိမ်းခြင်းတို့ ပြုလုပ်ရန်အာဏာရှိစေရမည်။

(ခ) ၎င်းထံတင်ပြသည့် ထွက်ဆိုချက်များကို မှန်ကန်ကြောင်း မြွက်ဟကြေညာစေရန်အတွက်လည်းကောင်း၊ ယင်းကလိုအပ်သည်ဟု ထင်မြင်သဖြင့် မည်သည့်အဆောက်အအုံ၊ လေယာဉ် သို့မဟုတ် အခြားအရာများကို စစ်ဆေးရန် သို့မဟုတ် စစ်ဆေးစေရန်လည်းကောင်း၊ လုပ်ငန်းလုပ်ကိုင်ခွင့်လက်မှတ်လျှောက်ထားသည့် မည်သူ့ကိုမဆို အချက်အလက်များဖြည့်စွက်တင်ပြစေရန် လည်းကောင်း၊ လုပ်ငန်းလုပ်ကိုင်ခွင့်လက်မှတ်လျှောက်ထားသူကို ၎င်း၏လျှောက်ထားချက်နှင့် ပတ်သက်၍ သက်သေအထောက်အထားများတင်ပြရန် ညွှန်ကြားရေးမှူးချုပ်၏ ရှေ့မှောက်သို့ လာရောက်စေရန်လည်းကောင်း၊ လုပ်ငန်းလုပ်ကိုင်ခွင့်လက်မှတ်လျှောက်ထားချက်တစ်ခုနှင့် ပတ်သက်၍ စိတ်ဝင်စားမှုရှိသူ၏ တင်ပြချက်များကို လက်ခံစဉ်းစားပေးရန်လည်းကောင်း၊ ဤနည်းဥပဒေများအလို့ငှာ လိုင်စင်လျှောက်ထားချက်နှင့် ပတ်သက်သည့်အချက်အလက်များကို ထုတ်ပြန်ကြေညာရန်လည်းကောင်း အာဏာရှိစေရမည်။

သို့ရာတွင် ညွှန်ကြားရေးမှူးချုပ်သည် လျှောက်ထားသူ၏ ငွေကြေးအရင်းအမြစ်များ သို့မဟုတ် ၎င်း၏လျှောက်ထားချက်နှင့်ပတ်သက်သည့် ငွေရေးကြေးရေး သို့မဟုတ် နည်းပညာပိုင်းဆိုင်ရာအချက်အလက်များကို အခြားသူတစ်ဦးဦးသို့ သတင်းထုတ်ဖော်ခြင်း သို့မဟုတ် လျှောက်ထားသူကို ထုတ်ဖော်စေခြင်းတို့ကို မပြုရ။

## လျှောက်ထားချက်များ

၁၅၈။ (က) လျှောက်ထားချက်ကို ဦးစီးဌာနက ခွင့်ပြုထုတ်ပေးသည့်ပုံစံဖြင့် လျှောက်ထားရမည်ဖြစ်ပြီး အဆိုပါပုံစံကို လုပ်ငန်းလုပ်ကိုင်ခွင့်လက်မှတ်လျှောက်ထားသူက လက်မှတ်ရေးထိုးရမည်။

(ခ) လျှောက်ထားချက်ကို အသင်းအဖွဲ့အစည်းတစ်ခုက တင်ပြခြင်းဖြစ်ပါက ထိုအဖွဲ့အစည်းက လုပ်ပိုင်ခွင့်လွှဲအပ်ထားသည့်သူက လက်မှတ်ရေးထိုးရမည်။

(ဂ) လျှောက်ထားချက်နှင့်အတူ ဤနည်းဥပဒေများအလို့ငှာ လိုအပ်သည့်အချက်အလက်များကို ပူးတွဲတင်ပြရမည်။

## အသိအမှတ်ပြုလက်မှတ် လွှဲပြောင်းပေးခြင်း

၁၅၉။ ညွှန်ကြားရေးမှူးချုပ်က စာဖြင့် သီးခြားခွင့်ပြုချက်မရှိဘဲ ဤအခန်းပါ သတ်မှတ်ချက်များအရ ထုတ်ပေးသည့် လုပ်ငန်းလုပ်ကိုင်ခွင့်အသိအမှတ်ပြုလက်မှတ်ကို လွှဲပြောင်းပေးနိုင်ခြင်း မပြုရ။

သို့ရာတွင် လိုင်စင်ကိုင်ဆောင်သူက သေဆုံးခြင်း၊ မစွမ်းဆောင်နိုင်ခြင်း၊ ဘဏ်လူမွဲစာရင်းအဖြစ် ခံယူခြင်း သို့မဟုတ် လိုင်စင်ရသူ၏ လုပ်ငန်းနှင့်စပ်လျဉ်း၍ ကြွေးမြီများရှိခြင်းကြောင့် ၎င်းပိုင်ဆိုင်မှုများကို အသိမ်းခံရခြင်း၊ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း၊ ပစ္စည်းထိန်း၊ စီမံခန့်ခွဲသူ သို့မဟုတ် ယုံကြည်အပ်နှံခြင်း ခံရသူ ခန့်အပ်လိုက်ခြင်းတို့ရှိပါက လတ်တလောတွင် အဆိုပါလုပ်ငန်းကို တာဝန်ယူဆောင်ရွက်နေသောသူက ဦးစီးဌာနသို့ လိုင်စင်အသစ်ထုတ်ပေးရန် (၁၄) ရက်အတွင်း လျှောက်ထားပါက ထိုလျှောက်ထားချက်အပေါ် အရေးယူဆောင်ရွက်ခြင်းမပြီးပြတ်မီအချိန်အထိ ထိုသူအနေဖြင့် လိုင်စင်ရလေကြောင်းပို့ဆောင်ရေးလုပ်ငန်းကို ဆက်လက်ဆောင်ရွက်နိုင်သည်။

**အသိအမှတ်ပြုလက်မှတ်ထိန်းသိမ်းခြင်း၊ ထုတ်ပြခြင်းနှင့် ပြန်လည်အပ်နှံခြင်း**

၁၆၀။ (က) ဤအခန်းအရ ထုတ်ပေးထားသည့် လုပ်ငန်းလုပ်ကိုင်ခွင့် အသိအမှတ်ပြုလက်မှတ်တစ်ခုကို လက်မှတ်ကိုင်ဆောင်သူ၏ ပင်မရုံးတွင် သိမ်းဆည်းထားရှိရမည်ဖြစ်ပြီး တရားသူကြီး၊ ရဲအရာရှိ၊ အကောက်ခွန်အရာရှိ၊ ဦးစီးဌာနရှိပြန်တမ်းဝင်အရာရှိတစ်ဦးဦး သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်က စာဖြင့်ထုတ်ပြန်၍ အထူး သို့မဟုတ် အထွေထွေအမိန့်ဖြင့် လုပ်ပိုင်ခွင့်လွှဲအပ်ထားသူ တစ်ဦးဦးက တောင်းခံပါက လုပ်ငန်းလုပ်ကိုင်ခွင့် အသိအမှတ်ပြုလက်မှတ်ကို ထုတ်ပြရမည်။

(ခ) ဤနည်းဥပဒေများတွင် သတ်မှတ်ထားသည့် အချက်အလက်များကို လုပ်ငန်းလုပ်ကိုင်ခွင့် အသိအမှတ်ပြုလက်မှတ်မှ ထုတ်နုတ်၍ ထိုလက်မှတ်ကိုင်ဆောင်သူ၏ ခရီးသည်ပို့ဆောင်ရေး ပင်မရုံးတွင် အများပြည်သူ လွယ်လင့်တကူ မြင်နိုင်သည့်နေရာတွင် ပြသထားရမည်။

(ဂ) အချိန်စေ့ရောက်၍ဖြစ်စေ၊ ဤနည်းဥပဒေများအရ ညွှန်ကြားရေးမှူးချုပ်၏ ဆုံးဖြတ်ချက် တစ်ရပ်ကြောင့်ဖြစ်စေ လုပ်ငန်းလုပ်ကိုင်ခွင့် အသိအမှတ်ပြုလက်မှတ် သက်တမ်းကုန်ဆုံး သွားသည့်အခါတွင် သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်က လိုင်စင်ကို ယာယီရပ်ဆိုင်းလိုက်သည့် အခါတွင် အသိအမှတ်ပြုလက်မှတ်ကိုင်ဆောင်သူသည် ထိုလက်မှတ်ကို မှတ်ချက်ရေးသွင်း ပေးရန် သို့မဟုတ် ပယ်ဖျက်ပေးရန်အတွက် ညွှန်ကြားရေးမှူးချုပ်ထံသို့ ပြန်လည်အပ်နှံရမည်။

**ချောစာများ သယ်ဆောင်ခြင်း**

၁၆၁။ တာဝန်ယူသည့် စာတိုက်အရာရှိများ ပါရှိသည်ဖြစ်စေ၊ မပါရှိသည်ဖြစ်စေ မြန်မာ့စာတိုက်နှင့် ကြေးနန်း လုပ်ငန်းမှ တာဝန်ရှိသူက အခါအားလျော်စွာ လိုအပ်သည့်အတိုင်း လုပ်ငန်းလုပ်ကိုင်ခွင့် အသိအမှတ်ပြု လက်မှတ်ကိုင်ဆောင်သူက ၎င်း၏ လေကြောင်းပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းတွင် ချောစာများ သယ်ဆောင် ခြင်းအတွက် ထိုက်သင့်သော ဝန်ဆောင်မှုကို ဆောင်ရွက်ပေးရမည်။ ထိုကဲ့သို့ ဆောင်ရွက်ပေးခြင်းအတွက် အခကြေးငွေသည် ညွှန်ကြားရေးမှူးချုပ်က သတ်မှတ်ပေးသည့်အတိုင်း ဖြစ်စေရမည်။

**အခကြေးငွေများ**

၁၆၂။ ဦးစီးဌာနသည် လေကြောင်းလုပ်ငန်းဆောင်ရွက်သူ အသိအမှတ်ပြုလက်မှတ်များ လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း၊ ပြင်ဆင်ခြင်း၊ တင်ပြခြင်း သို့မဟုတ် သက်တမ်းတိုးမြှင့်ခြင်းတို့အတွက်ဖြစ်စေ၊ ဤအခန်းတွင် ဖော်ပြထားသည့် လေကြောင်းလုပ်ငန်းဆောင်ရွက်သူ အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်းအတွက်ဖြစ်စေ ကျသင့်သည့်အခကြေးငွေများကို ဦးစီးဌာနက အခါအားလျော်စွာ စာဖြင့် ထုတ်ပြန်ကြေညာရမည်။

**မည်သည့်ပျံသန်းရေးလေယာဉ်အတွက်မဆို ရှိရမည့်အနည်းဆုံးလေယာဉ်အမှုထမ်း**

၁၆၃။ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသည့် လေယာဉ်တစ်စီးပျံသန်းသည့် မည်သည့်ခရီးစဉ်တွင်မဆို လေယာဉ်ပျံသန်းရေးအမှုထမ်းဖော်ပြချက်နှင့်အရေအတွက်တို့သည် -

(က) လေယာဉ်နှင့်စပ်လျဉ်း၍ ဝေဟင်တွင် စိတ်ချစွာပျံသန်းနိုင်ကြောင်းလက်မှတ်သည် သက်တမ်း ရှိလျှင် ထိုလက်မှတ်အတွက် အနည်းဆုံးရှိရမည့်လေယာဉ်အမှုထမ်းအတိုင်း သတ်မှတ်ထားသည့် အမှုထမ်းအရေအတွက်နှင့် အမှုထမ်းအမျိုးအစားရှိရမည်။

(ခ) လေယာဉ်နှင့်စပ်လျဉ်း၍ ဝေဟင်တွင် စိတ်ချစွာပျံသန်းနိုင်ကြောင်းလက်မှတ်သည် ယခင်က သက်တမ်းရှိခဲ့သော်လည်း ယခုထိုလက်မှတ်သက်တမ်းကုန်ဆုံးနေလျှင် ဝေဟင်တွင် စိတ်ချစွာ ပျံသန်းနိုင်ကြောင်းလက်မှတ်အတွက် နောက်ဆုံးသက်တမ်းရှိစဉ်က အနည်းဆုံးရှိရမည့် လေယာဉ် အမှုထမ်းအရေအတွက်နှင့် အမှုထမ်းအမျိုးအစားရှိရမည်။

(ဂ) လေယာဉ်နှင့်စပ်လျဉ်း၍ ဝေဟင်တွင် စိတ်ချစွာပျံသန်းနိုင်ကြောင်းလက်မှတ်သည် သက်တမ်းရှိ လက်မှတ် သို့မဟုတ် သက်တမ်းရှိခဲ့ပြီး လက်မှတ်မဟုတ်သည့်အပြင် သက်သေခံလက်မှတ် သို့မဟုတ် ထုတ်ပေးထားသည့် ဝေဟင်တွင် စိတ်ချစွာ ပျံသန်းနိုင်ကြောင်းနှင့်စပ်လျဉ်း၍ လေယာဉ်ကို ပြုပြင်

မွမ်းမံထားလျှင် ထုတ်ပေးထားခဲ့သော ဝေဟင်တွင် စိတ်ချစွာ ပျံသန်းနိုင်ကြောင်းလက်မှတ်တွင် သတ်မှတ်ထားသည့် အနည်းဆုံးရှိရမည့် လေယာဉ်အမှုထမ်းအရေအတွက်နှင့် အမှုထမ်းအမျိုးအစားအတိုင်း ရှိရမည်။

(ဃ) အခြားကိစ္စများတွင် ညွှန်ကြားရေးမှူးချုပ်က အတည်ပြုထားသည့်အတိုင်း လေယာဉ်ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် လုံခြုံစိတ်ချမှုရှိစေရန် အနည်းဆုံးရှိရမည့် လုံလောက်သော လေယာဉ်အမှုထမ်းအရေအတွက်နှင့် အမှုထမ်းအမျိုးအစားတို့ ရှိရမည်။

**လေယာဉ်မောင်၊ လေယာဉ်မယ် သယ်ဆောင်ခြင်း**

၁၆၄။ မြန်မာနိုင်ငံတွင် လေကြောင်းပို့ဆောင်ရေးလုပ်ငန်းလုပ်ဆောင်ရန် မှတ်ပုံတင်ထားသော မည်သည့်လေယာဉ်မျှ ခရီးသည်များ ဘေးအန္တရာယ်ကင်းရှင်းရေးအလို့ငှာ လေယာဉ်ပေါ်တွင် တာဝန်ထမ်းဆောင်ရန် ဦးစီးဌာနက အနည်းဆုံးသတ်မှတ်ထားသော လေယာဉ်မောင်၊ လေယာဉ်မယ်အရေအတွက်အတိုင်း လေကြောင်းလုပ်ငန်းလုပ်ကိုင်သူ သို့မဟုတ် လေယာဉ်မှူးကြီးက တာဝန်ပေးအပ်ခြင်းမရှိလျှင် ပျံသန်းပြေးဆွဲခြင်း မပြုရ။

## အခန်း (၁၃)

## အထွေထွေ

**စစ်ဆေးကြည့်ရှုခြင်း**

၁၆၅။ ညွှန်ကြားရေးမှူးချုပ်က စာဖြင့်ထုတ်ပြန်သည့် အထူးအမိန့် သို့မဟုတ် အထွေထွေအမိန့်ဖြင့် အခွင့်အာဏာအပ်နှင်းထားခြင်းခံရသူတစ်ဦးဦးသည် -

(က) ဤနည်းဥပဒေများအရ ၎င်း၏ လုပ်ပိုင်ခွင့်အာဏာကို ကျင့်သုံးရန်အတွက်ဖြစ်စေ၊ ၎င်း၏ တာဝန်များကို ထမ်းဆောင်ရန်အတွက်ဖြစ်စေ ဝင်ရောက်ရန်လိုအပ်ပါက မည်သည့်နေရာ၊ မည်သည့်အချိန်တွင်မဆို ဝင်ရောက်နိုင်သည်။

( ခ ) လေယာဉ်များ၊ လေယာဉ်အစိတ်အပိုင်းများ၊ လေယာဉ်အင်ဂျင်များ သို့မဟုတ် လေယာဉ်အင်ဂျင်အစိတ်အပိုင်းများကို ထုတ်လုပ်ခြင်း၊ အလုံးစုံပြုပြင်ခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် အစိတ်အပိုင်းများတပ်ဆင်ခြင်းတို့ကို ပြုလုပ်သည့်စက်ရုံတစ်ခုခု၏ အစိတ်အပိုင်းအတွင်းသို့ဖြစ်စေ၊ နေရာတစ်ခုခုသို့ဖြစ်စေ အလုပ်ချိန်အတွင်း မည်သည့်အခါတွင်မဆို ဝင်ရောက်နိုင်သည့်အပြင် အဆိုပါ လေယာဉ်များ၊ လေယာဉ်အင်ဂျင်များ သို့မဟုတ် အစိတ်အပိုင်းများနှင့်စပ်လျဉ်း၍ မည်သည့်စက်ရုံ သို့မဟုတ် နေရာ၊ လေယာဉ်များ၊ လေယာဉ်အင်ဂျင်များ သို့မဟုတ် အစိတ်အပိုင်းများနှင့် ရေးဆွဲထားသည့် ပုံစံများကိုမဆို စစ်ဆေးကြည့်ရှုနိုင်သည်။

( ဂ ) ဤနည်းဥပဒေများအရ လိုအပ်သော ဝေဟင်တွင် စိတ်ချစွာပျံသန်းနိုင်ကြောင်း ထောက်ခံချက် သို့မဟုတ် ဝေဟင်တွင် စိတ်ချစွာပျံသန်းနိုင်ကြောင်း သက်ဝင်လျက်ရှိသောလက်မှတ် မည်သည့်ပျံသန်းသည့် စက်ယန္တရားကိုမဆို အချိန်မရွေး စစ်ဆေးကြည့်ရှုနိုင်သည်။

(ဃ) ဤနည်းဥပဒေများကို လိုက်နာရေးအတွက် ကြပ်မတ်နိုင်ရန်အလို့ငှာ မည်သည့်လေယာဉ်ကိုမဆို ဝင်ရောက်ခြင်း၊ စစ်ဆေးခြင်းနှင့် ရှာဖွေခြင်းများ ပြုလုပ်နိုင်သည်။

( င ) ဤနည်းဥပဒေများနှင့်အညီ လေယာဉ်များက လုပ်ကိုင်ဆောင်ရွက်ရန်အလို့ငှာ ကွန်ဗင်းရှင်းအရ သတ်မှတ်ထားသည့်အတိုင်း ဆင်းသက်သည့် သို့မဟုတ် ထွက်ခွာသည့်လေယာဉ်ပေါ်သို့ ရှာဖွေရန်ဖြစ်စေ၊ အသိအမှတ်ပြုလက်မှတ်နှင့် အခြားစာတမ်းအမှတ်အသားများကို စစ်ဆေးရန်ဖြစ်စေ နှောင့်နှေးကြန့်ကြာခြင်းမရှိစေဘဲ မြို့ပြလေယာဉ်အတွင်းသို့ ဝင်ရောက်နိုင်သည်။

( စ ) ဘေးအန္တရာယ်ရှိသော သို့မဟုတ် ဘေးအန္တရာယ်ဖြစ်တန်ရာဖွယ်ရှိသော နိုင်ငံခြားမြို့ပြလေယာဉ်ကို မြန်မာနိုင်ငံသို့ဖြစ်စေ၊ မြန်မာနိုင်ငံမှဖြစ်စေ၊ မြန်မာနိုင်ငံအတွင်းဖြစ်စေ ပျံသန်းမောင်းနှင်ခြင်း မပြုရန် အဆိုပါလေယာဉ်၏ လေယာဉ်လုပ်ငန်းဆောင်ရွက်သူ သို့မဟုတ် လေယာဉ်မှူးကြီးကို ညွှန်ကြားနိုင်သည်။

(ဆ) ကွန်ဗင်းရှင်းနှင့်အညီ လေယာဉ်တစ်စီးစီးကို ထိန်းသိမ်းရန် လိုအပ်သလို အဆင့်ဆင့်ဆောင်ရွက်နိုင်ပြီး သက်ဆိုင်ရာမှတ်ပုံတင်စာချုပ်ဝင်နိုင်ငံသို့လည်းကောင်း၊ လေယာဉ်လုပ်ငန်းဆောင်ရွက်သူ၏ စာချုပ်ဝင်နိုင်ငံသို့လည်းကောင်း အကြောင်းကြားနိုင်သည်။

(ဇ) ဤနည်းဥပဒေများအရ လိုအပ်လျှင် မည်သည့်လေကြောင်းထိန်းသိမ်းရေးလုပ်ငန်းနှင့် လေကြောင်းလမ်းညွှန်အထောက်အကူပြုပစ္စည်းများကိုမဆို ဦးစီးဌာနက သတ်မှတ်ထားသော ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စံချိန်စံညွှန်းများနှင့် ကိုက်ညီစေရေးအတွက် အချိန်မရွေး စစ်ဆေးကြည့်ရှုနိုင်သည်။

## မတော်တဆထိခိုက်ပျက်စီးမှုနှင့် မတော်တဆဖြစ်ပွားမှုများ စုံစမ်းစစ်ဆေးခြင်း နည်းဥပဒေများ

၁၆၆။ လေယာဉ်ပျံသန်းမှုဆိုင်ရာလုပ်ငန်းများမှ ဖြစ်ပေါ်လာသည့် မတော်တဆထိခိုက်ပျက်စီးမှုနှင့် မတော်တဆဖြစ်ပွားမှုများ ပေါ်ပေါက်လာမှုအတွက် စုံစမ်းစစ်ဆေးခြင်းကို မြန်မာနိုင်ငံလေယာဉ် (မတော်တဆထိခိုက်ပျက်စီးမှုနှင့် မတော်တဆဖြစ်ပွားမှုများ စုံစမ်းစစ်ဆေးရေး) နည်းဥပဒေများကို လိုက်နာဆောင်ရွက်ရမည်။

## စာတမ်းအမှတ်အသားများကို မရိုးမဖြောင့်သောသဘောဖြင့် ငှားရမ်းခြင်းစသည်

၁၆၇။ ဤနည်းဥပဒေများအရ ထုတ်ပေးသောလိုင်စင် သို့မဟုတ် အသိအမှတ်ပြုလက်မှတ်တစ်ခုခုကို အခြားသူတစ်ဦးအား မရိုးမဖြောင့်သောသဘောဖြင့် ငှားရမ်းခြင်း သို့မဟုတ် အသုံးပြုခွင့်ပေးခြင်း မပြုလုပ်ရ။

## နိုင်ငံခြားစစ်တပ်လေယာဉ်များ

၁၆၈။ ဦးစီးဌာန၏ စာဖြင့်ဖိတ်ကြားချက် သို့မဟုတ် ခွင့်ပြုချက်ဖြင့် ယင်းဖိတ်ကြားချက် သို့မဟုတ် ခွင့်ပြုချက်တွင်ပါရှိသည့် စည်းကမ်းချက်များနှင့်အညီမှတစ်ပါး မည်သူမျှ မြန်မာနိုင်ငံအပေါ်မှ သို့မဟုတ် မြန်မာနိုင်ငံအတွင်းတွင် မည်သည့်နိုင်ငံခြားစစ်တပ်လေယာဉ်များကို ပျံသန်းခြင်း သို့မဟုတ် ဆင်းသက်ခြင်း သို့မဟုတ် ပျံသန်းခြင်းအတွက်ဖြစ်စေ၊ ဆင်းသက်ခြင်းအတွက်ဖြစ်စေ ကူညီခြင်း မပြုလုပ်ရ။

## ပြည်ပနိုင်ငံတွင် မှတ်ပုံတင်ထားသော သို့မဟုတ် ပြည်ပနိုင်ငံက ပိုင်ဆိုင်သောလေယာဉ်များ

၁၆၉။ နည်းဥပဒေ ၁၃၉ နှင့် ၁၆၈ တို့တွင် ပြဋ္ဌာန်းထားချက်များမှအပ ပြည်ပနိုင်ငံတွင် မှတ်ပုံတင်ထားသော သို့မဟုတ် ပြည်ပနိုင်ငံကပိုင်ဆိုင်သော မည်သည့်လေယာဉ်မျှ ဦးစီးဌာန၏ ခွင့်ပြုချက်မရှိသည့်အပြင် ခွင့်ပြုချက်ပါ စည်းကမ်းချက်များနှင့်မညီဘဲ မြန်မာနိုင်ငံအတွင်းသို့ဖြစ်စေ၊ မြန်မာနိုင်ငံအပေါ်တွင်ဖြစ်စေ၊ မြန်မာနိုင်ငံကို ဖြတ်ကျော်၍ဖြစ်စေ ပျံသန်းခြင်း မပြုရ။

## အခွင့်အာဏာအပ်နှင်းထားသူများအား တားဆီးနှောင့်ယှက်ခြင်း

၁၇၀။ မည်သူမျှ ဤနည်းဥပဒေများအရ လုပ်ပိုင်ခွင့်ကို ကျင့်သုံးရန်ဖြစ်စေ၊ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်ဖြစ်စေ အပ်နှင်းထားသော ပုဂ္ဂိုလ်တစ်ဦးဦးအား မိမိဆန္ဒအလျောက် တားဆီး နှောင့်ယှက်ခြင်း မပြုလုပ်ရ။

## ကင်းလွတ်ခွင့်ပြုရန် ယေဘုယျအာဏာ

၁၇၁။ ဝန်ကြီးဌာနသည် ၁၉၃၄ ခုနှစ်၊ မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေပုဒ်မ ၅-က၊ ပုဒ်မခွဲ (ခ) တို့အရ လေယာဉ်တစ်စီးစီးကိုဖြစ်စေ၊ လေယာဉ်အတန်းအစားတစ်ခုခုကိုဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ၊ ပုဂ္ဂိုလ်အတန်းအစားတစ်ခုခုကိုဖြစ်စေ ဤနည်းဥပဒေများပါ ပြဋ္ဌာန်းချက်အားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသ ကျင့်သုံးဆောင်ရွက်ခြင်းမှ သီးခြားထုတ်ပြန်သည့်အမိန့်အတိုင်း စည်းကမ်းချက်များ (ရှိလျှင်) နှင့်အညီ အမိန့်ကြော်ငြာစာပါ ယေဘုယျအမိန့် သို့မဟုတ် အထူးအမိန့်ဖြင့် ကင်းလွတ်ခွင့်ပြုနိုင်သည်။

## ပြစ်ဒဏ်များ

၁၇၂။ ဤနည်းဥပဒေ နောက်ဆက်တွဲဇယား-၃ ပါ ပြစ်မှုတစ်ရပ်ရပ်ကို ဖောက်ဖျက်သူမည်သူမဆို ဥပဒေပုဒ်မ ၁၀ အရ ပြစ်ဒဏ်ချမှတ်ခြင်းခံရမည်။

၁၇၃။ ၁၉၃၄ ခုနှစ်၊ မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေအရ ထုတ်ပြန်ခဲ့သော နည်းဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်၊ အမိန့်ကြော်ငြာစာ၊ လုပ်ထုံးလုပ်နည်းများသည် ဤနည်းဥပဒေနှင့်မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

သန့်စင်မောင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန။

**ဇယား - ၁**

(နည်းဥပဒေ ၂၅)

**လေယာဉ်ပျံသန်းမှုတားမြစ်ထားသောနယ်မြေများ**

| **တားမြစ်နယ်မြေ** | **တားမြစ်သည့်အတိုင်းအတာ** |
|---|---|
| တားမြစ်နယ်မြေအမှတ် ၅ (VYP5)<br>ရန်ကုန်မြို့<br><br>မြေပြင်မှ အမြင့်ပေ ၂၄၀၀၀ အထိ | အောက်ပါနေရာအမှတ်များအားဆက်ဆွဲထားသည့် မျဉ်းဖြောင့်များ ဆက်စပ်ပါဝင်သည့် နယ်မြေများ -<br><br>မြောက်လတ္တီတွဒ် ၁၆ ၄၉ ၂၀၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ၀၇ ၀၉။<br>မြောက်လတ္တီတွဒ် ၁၆ ၄၉ ၂၃၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ၁၁ ၀၅။<br>မြောက်လတ္တီတွဒ် ၁၆ ၄၆ ၄၁၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ၁၁ ၀၇။<br>မြောက်လတ္တီတွဒ် ၁၆ ၄၆ ၃၈၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ၀၇ ၁၁။<br>မြောက်လတ္တီတွဒ် ၁၆ ၄၉ ၂၀၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ၀၇ ၀၉။ |
| တားမြစ်နယ်မြေအမှတ် ၃၁ (VYP31)<br>လွှတ်တော်နှင့် သမ္မတအိမ်တော်နယ်မြေ<br><br>မြေပြင်မှ အမြင့်ပေ ၂၄၀၀၀ အထိ | အောက်ပါ နေရာအမှတ်များအား ဆက်ဆွဲထားသည့် မျဉ်းဖြောင့်များ ဆက်စပ်ပါဝင်သည့် နယ်မြေ -<br>မြောက်လတ္တီတွဒ် ၁၉ ၄၇ ၁၃. ၄၊<br>အရှေ့လောင်ဂျီတွဒ် ၀၉၆ ၀၅ ၂၇. ၄။<br>မြောက်လတ္တီတွဒ် ၁၉ ၄၇ ၁၃. ၄၊<br>အရှေ့လောင်ဂျီတွဒ် ၀၉၆ ၀၇ ၂၆. ၁။<br>မြောက်လတ္တီတွဒ် ၁၉ ၄၅ ၄၀. ၅၊<br>အရှေ့လောင်ဂျီတွဒ် ၀၉၆ ၀၇ ၂၆. ၁။<br>မြောက်လတ္တီတွဒ် ၁၉ ၄၅ ၄၀. ၅၊<br>အရှေ့လောင်ဂျီတွဒ် ၀၉၆ ၀၅ ၂၇. ၄။<br>မြောက်လတ္တီတွဒ် ၁၉ ၄၇ ၁၃. ၄၊<br>အရှေ့လောင်ဂျီတွဒ် ၀၉၆ ၀၅ ၂၇. ၄။ |
| တားမြစ်နယ်မြေအမှတ် ၃၃ (VYP33)<br>ကာကွယ်ရေးဝန်ကြီးဌာန<br>မြေပြင်မှ အမြင့်ပေ ၂၄၀၀၀ အထိ | နေပြည်တော်လေဆိပ်ဆုံမှတ် မြောက်လတ္တီတွဒ် ၁၉ ၃၇ ၂၄. ၇၈ နှင့် အရှေ့လောင်ဂျီတွဒ် ၀၉၆ ၁၂ ၀၃. ၆၀ ကို ဗဟိုပြု၍ အမှန်ညွှန်ထောင့် ၀၁၀ နှင့် ၀၃၅ အကြား၊ အချင်းဝက် ၁၀ မိုင်မှ ၂၀ မိုင်အကြားနယ်မြေ |

## ဇယား - ၂

[နည်းဥပဒေ ၁၅၃ (ခ)]

## လေကြောင်းပို့ဆောင်ရေးလုပ်ငန်းလိုင်စင်ထုတ်ပေးခြင်း

နည်းဥပဒေ ၁၅၃ (ခ) အရ လိုင်စင်တစ်ခုမှ ထုတ်နုတ်ရမည့် အဓိကအချက်များ -

(၁) လိုင်စင်နံပါတ်နှင့်ရက်စွဲ၊

(၂) လိုင်စင်အမည်နှင့်လိပ်စာ၊

(၃) ပျံသန်းမည့်လမ်းကြောင်းနှင့် ရပ်နားမည့်နေရာများ၊

(၄) လုပ်ငန်းဆောင်ရွက်မည့် အကြိမ်အရေအတွက်၊

(၅) လုပ်ငန်းဆောင်ရွက်သည့် လေယာဉ်၏အဆင့်အတန်း၊

(၆) လိုင်စင်သက်တမ်း။

## ဇယား - ၃

## ပြစ်ဒဏ်များ

(နည်းဥပဒေ ၁၇၂)

| | ပြစ်မှုများ | သက်ဆိုင်သောနည်းဥပဒေ/ နည်းဥပဒေများ |
|---|---|---|
| ၁ | **လေယာဉ်ကွင်း** - လေယာဉ်ကွင်းများနှင့်စပ်လျဉ်းသည့် နည်းဥပဒေများကို ချိုးဖောက်ခြင်း | နည်းဥပဒေ ၂ နှင့် အခန်း (၉) မှ နည်းဥပဒေများ |
| ၂ | **ဘေးအန္တရာယ် ကင်းရှင်းမှုဆိုင်ရာ ယေဘုယျစည်းကမ်းချက်များ -** ဘေးအန္တရာယ် ကင်းရှင်းမှုဆိုင်ရာ ယေဘုယျစည်းကမ်းချက်များနှင့် စပ်လျဉ်းသည့် နည်းဥပဒေများကို ချိုးဖောက်ခြင်း | အခန်း (၃) မှ နည်းဥပဒေများ |
| ၃ | **လေယာဉ် အသုံးပြုခြင်းနှင့် ပျံသန်းခြင်း -** ဤနည်းဥပဒေကို သွေဖည်၍ လေယာဉ်အသုံးပြုခြင်း သို့မဟုတ် ပျံသန်းခြင်း | နည်းဥပဒေ ၆ |
| ၄ | **လေယာဉ်များ မှတ်ပုံတင်ခြင်းနှင့် အမှတ်အသားပြုလုပ်ခြင်း -** လေယာဉ်များမှတ်ပုံတင်ခြင်းနှင့် အမှတ်အသားပြုလုပ်ခြင်းနှင့် စပ်လျဉ်းသည့် နည်းဥပဒေများကို ချိုးဖောက်ခြင်း | နည်းဥပဒေ ၇ နှင့် အခန်း (၄) မှ နည်းဥပဒေများ |
| ၅ | **တားမြစ်ထားသည့် ပျံသန်းမှု -** တားမြစ်ထားသော ပိုင်နက်နယ်မြေ သို့မဟုတ် ပြည်ပသို့ ခွင့်ပြုချက်မရှိဘဲ ဖောက်ဖျက်ပျံသန်းခြင်း | နည်းဥပဒေ ၈ |
| ၆ | **အမှုထမ်းများကို လိုင်စင်ထုတ်ပေးခြင်း -** အမှုထမ်းများကို လိုင်စင်ထုတ်ပေးခြင်းနှင့် စပ်လျဉ်းသည့် နည်းဥပဒေများကို ချိုးဖောက်ခြင်း | နည်းဥပဒေ ၉၊ ၅၆ (ခ) နှင့် ၇၅ |
| ၇ | **အရည်အသွေး စံနှုန်းသတ်မှတ်ချက်တွင် ပါဝင်ရမည့် လေယာဉ် အမျိုးအစား -** လိုင်စင် အရည်အသွေးစံနှုန်း သတ်မှတ်ချက်တွင် မပါဝင်သည့် လေယာဉ်ကို လေယာဉ်မှူးက မောင်းနှင်ပျံသန်းခြင်း | နည်းဥပဒေ ၁၀ |

| | ပြစ်မှုများ | သက်ဆိုင်သောနည်းဥပဒေ/ နည်းဥပဒေများ |
|---|---|---|
| ၈ | **စာတမ်းအမှတ်အသားများ -**<br>စာတမ်းအမှတ်အသားများ ယူဆောင်ခြင်း၊ ထုတ်ပြခြင်းနှင့်စပ်လျဉ်းသည့် နည်းဥပဒေများကို ချိုးဖောက်ခြင်း | နည်းဥပဒေ ၁၃ |
| ၉ | **ခရီးသွား စာတမ်းအမှတ်အသားများ မပါသူအား သယ်ဆောင်ခြင်းမှ တားမြစ်ခြင်း -**<br>ခရီးသွား စာတမ်းအမှတ်အသားများ မပါသူအား သယ်ဆောင်ခြင်းနှင့် စပ်လျဉ်းသည့် တားမြစ်ချက်ကို ချိုးဖောက်ခြင်း | နည်းဥပဒေ ၁၄ (ခ) |
| ၁၀ | **သယ်ဆောင်ခြင်းအား တားမြစ်ခြင်း -**<br>လေယာဉ်တွင် တားမြစ်ထားသည့် ပစ္စည်းများကို ခွင့်ပြုချက်မရှိဘဲ သယ်ဆောင်ခြင်း | နည်းဥပဒေ ၁၆ (က) |
| ၁၁ | **ပျံသန်းမှုများကို တားဆီးခြင်း -**<br>လေယာဉ်ကို တားမြစ်ရေးအတွက် ညွှန်ကြားချက်တစ်ရပ်ရပ်ကို ချိုးဖောက်ခြင်း | နည်းဥပဒေ ၁၈ (ခ) |
| ၁၂ | **လိုင်စင်နှင့် အသိအမှတ်ပြုလက်မှတ်များ၊ အရည်အသွေးစံနှုန်းများ၊ အတည်ပြုချက်များ ပယ်ဖျက်ခြင်းနှင့် ယာယီရပ်ဆိုင်းခြင်း -**<br>ယင်းတို့နှင့် စပ်လျဉ်းသည့် လိုအပ်ချက် တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ခြင်း | နည်းဥပဒေ ၁၉ (ခ) |
| ၁၃ | **ရေဒီယို ကြေးနန်း စက်ကိရိယာများ -**<br>ရေဒီယို ကြေးနန်း စက်ကိရိယာများ အသုံးပြုခြင်းနှင့် စပ်လျဉ်းသည့် နည်းဥပဒေများကို ချိုးဖောက်ခြင်း | နည်းဥပဒေ ၂၂ (က) |
| ၁၄ | **ချောစာများ -**<br>ချောစာများ သယ်ဆောင်ခြင်းနှင့်စပ်လျဉ်းသည့် နည်းဥပဒေကို ချိုးဖောက်ခြင်း | နည်းဥပဒေ ၂၃ |
| ၁၅ | **လေယာဉ်ကွင်းများ -**<br>လေယာဉ်ကွင်းများနှင့်စပ်လျဉ်းသည့် တားမြစ်ချက်ကို ချိုးဖောက်ခြင်း | နည်းဥပဒေ ၂၄ |
| ၁၆ | **တားမြစ်နယ်မြေများ -**<br>တားမြစ်နယ်မြေအပေါ် အခွင့်မရှိဘဲ ပျံသန်းခြင်း၊ ဓာတ်ပုံမရိုက်ရန် တားမြစ်နယ်မြေတွင် ဓာတ်ပုံရိုက်ခြင်း၊ | နည်းဥပဒေ ၂၅၊ ၂၆ |
| ၁၇ | **အများပြည်သူ ပို့ဆောင်ခြင်းနှင့် ကောင်းကင်မှ လုပ်ငန်းဆောင်ရွက်သည့် လေယာဉ် -**<br>လေယာဉ်ကို အခွင့်အာဏာမရှိဘဲ အများပြည်သူပို့ဆောင်ခြင်းနှင့် ကောင်းကင်မှလုပ်ငန်းဆောင်ရွက်သည့် လေယာဉ်အဖြစ် အသုံးပြုခြင်း | နည်းဥပဒေ ၂၇ |
| ၁၈ | **ဝေဟင်တွင် စိတ်ချစွာ ပျံသန်းနိုင်မှု -**<br>ဝေဟင်တွင် စိတ်ချစွာ ပျံသန်းနိုင်မှုနှင့် စပ်လျဉ်းသည့် နည်းဥပဒေများကို ချိုးဖောက်ခြင်း | နည်းဥပဒေ ၂၈ နှင့် အခန်း (၆) မှ နည်းဥပဒေများ |
| ၁၉ | **လေကြောင်းဆိုင်ရာ နည်းဥပဒေများ -**<br>လေကြောင်းဆိုင်ရာ နည်းဥပဒေများကို ချိုးဖောက်ခြင်း | နည်းဥပဒေ ၂၉ |

| | ပြစ်မှုများ | သက်ဆိုင်သောနည်းဥပဒေ/ နည်းဥပဒေများ |
|---|---|---|
| ၂၀ | **လေကြောင်း ပျံသန်းရေး အချက်ပြမီးများ၊ လေယာဉ်ကွင်းမြေပြင် အချက်ပြမီးများ -** လေကြောင်းလမ်းပြမီးများ၊ လေယာဉ်ကွင်း မြေပြင်အချက်ပြမီးများနှင့် လေယာဉ်ကွင်းအနီးတစ်ဝိုက်တွင် ထောက်ပံ့ရေး၊ ကြီးကြပ်ရေး၊ ထိန်းချုပ်ရေး တို့နှင့်စပ်လျဉ်းသည့် နည်းဥပဒေများကို ချိုးဖောက်ခြင်း | အခန်း (၇) မှ နည်းဥပဒေများ |
| ၂၁ | **မှတ်တမ်းစာအုပ်များ -** မှတ်တမ်းစာအုပ်များ ထုတ်ပေးရေးနှင့် ထိန်းသိမ်းရေးဆိုင်ရာ နည်းဥပဒေများကို ချိုးဖောက်ခြင်း | နည်းဥပဒေ ၁၁၂ |
| ၂၂ | **တိရစ္ဆာန်များ၊ အမှိုက်သရိုက်များနှင့် အခြားညစ်ညမ်းသော သို့မဟုတ် ရွံရှာဖွယ်ကောင်းသောပစ္စည်းများ စွန့်ပစ်ခြင်းတို့ကိုတားမြစ်ခြင်း -** ဤနည်းဥပဒေပါ တားမြစ်ချက်ကို ချိုးဖောက်ခြင်း | နည်းဥပဒေ ၁၃၄ (က) |
| ၂၃ | **ပျံသန်းနေသည့် လေယာဉ်များကို ပြန်လည်ခေါ်ယူခြင်း -** ပျံသန်းနေသည့် လေယာဉ်များကို ပြန်လည်ခေါ်ယူရေးအတွက် ညွှန်ကြားချက်ကို ချိုးဖောက်ခြင်း | နည်းဥပဒေ ၁၃၈ (ခ) |
| ၂၄ | **လိုင်စင်ရယူရမည့် လေကြောင်းပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းများ -** လိုင်စင်မရှိဘဲ လေကြောင်းပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းများကို တည်ထောင်လုပ်ကိုင်ခြင်း | နည်းဥပဒေ ၁၃၉ |
| ၂၅ | **လေကြောင်းပို့ဆောင်ရေးလုပ်ငန်း သို့မဟုတ် လိုင်စင် ကိုင်ဆောင်ထားသူနှင့် ပတ်သက်သော အချက်အလက်များအား ခွင့်ပြုချက်မရှိဘဲ ထုတ်ပြန်ခြင်း -** ဤနည်းဥပဒေကို လိုက်နာရန် ပျက်ကွက်ခြင်း | နည်းဥပဒေ ၁၅၅ |
| ၂၆ | **ရှိရမည့်အနည်းဆုံးလေယာဉ်အမှုထမ်း -** ဤနည်းဥပဒေကို လိုက်နာရန် ပျက်ကွက်ခြင်း | နည်းဥပဒေ ၁၆၃ |
| ၂၇ | **လေယာဉ်မောင်/မယ် သယ်ဆောင်ခြင်း -** ဤနည်းဥပဒေကို လိုက်နာရန် ပျက်ကွက်ခြင်း | နည်းဥပဒေ ၁၆၄ |
| ၂၈ | **စာတမ်းအမှတ်အသားများ -** ဤနည်းဥပဒေများအရ ထုတ်ပေးထားသည့် လိုင်စင်၊ အသိအမှတ်ပြု လက်မှတ်ကို ငှားရမ်းခြင်း၊ အသုံးပြုခွင့်ပေးခြင်း | နည်းဥပဒေ ၁၆၇ |
| ၂၉ | **နိုင်ငံခြား စစ်တပ်လေယာဉ်များ -** နိုင်ငံခြား စစ်တပ်လေယာဉ်က အခွင့်မရှိဘဲ ပျံသန်းခြင်း၊ ထိုသို့ ပျံသန်းရာတွင် ကူညီခြင်း | နည်းဥပဒေ ၁၆၈ |
| ၃၀ | **အခွင့်အာဏာ အပ်နှင်းထားသူများအား တားဆီးနှောင့်ယှက်ခြင်း -** ဤနည်းဥပဒေအရ အခွင့်အာဏာ အပ်နှင်းထားသူများ၏ လုပ်ပိုင်ခွင့်နှင့် တာဝန်များကို တားဆီးနှောင့်ယှက်ခြင်း | နည်းဥပဒေ ၁၇၀ |
| ၃၁ | ဤဇယားတွင် သတ်မှတ်မထားဘဲ နည်းဥပဒေ တစ်ရပ်ရပ်ဖြင့်/နည်းဥပဒေ တစ်ရပ်ရပ်အရ တားမြစ်ထားသည့် ပြုလုပ်မှုတစ်ခုကို ပြုလုပ်ခြင်း | |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် ၂၁/၂၀၁၉**

၁၃၈၁ ခုနှစ်၊ တန်ခူးလဆန်း ၁၅ ရက်

(၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၉ ရက်)

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် **မိုးကုတ်ရတနာနယ်မြေ (မိုးမိတ်ဒေသ) နှင့် မိုင်းရှူးရတနာနယ်မြေ** အတွင်း ကျောက်မျက်ရတနာလက်လုပ်လက်စား ခွင့်ပြုမိန့်များကို စိစစ်ခွင့်ပြုနိုင်ရေးအတွက် မြန်မာ့ကျောက်မျက်ရတနာဥပဒေပုဒ်မ ၁၆ နှင့် ပုဒ်မ ၆၉၊ ပုဒ်မခွဲ (ခ) တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ **ရှမ်းပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ဝန်ကြီး<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန<br>ရှမ်းပြည်နယ်အစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (ခ) | ဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန<br>ရှမ်းပြည်နယ်အစိုးရအဖွဲ့ | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ညွှန်ကြားရေးမှူး<br>ပြည်နယ်အစိုးရအဖွဲ့<br>ရှမ်းပြည်နယ် | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူး<br>ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ရှမ်းပြည်နယ် | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူး<br>ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန<br>ရှမ်းပြည်နယ် | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူး<br>ပြည်နယ်သစ်တောဦးစီးဌာန<br>ရှမ်းပြည်နယ် | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူး<br>ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန<br>ရှမ်းပြည်နယ် | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူး<br>ပြည်နယ်သတ္တုတွင်းဦးစီးဌာန<br>ရှမ်းပြည်နယ် | အဖွဲ့ဝင် |
| (ဈ) | ကိုယ်စားလှယ် (၁) ဦး<br>ပြည်နယ်ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန<br>ရှမ်းပြည်နယ် | အဖွဲ့ဝင် |
| (ည) | အုပ်ချုပ်ရေးမှူး<br>မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>မိုးမိတ်မြို့ | အဖွဲ့ဝင် |

(ဌ) အုပ်ချုပ်ရေးမှူး အဖွဲ့ဝင်
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မိုင်းရှူးမြို့

(ဍ) အုပ်ချုပ်ရေးမှူး အတွင်းရေးမှူး (၁)
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မိုးမိတ်မြို့

(ဎ) အုပ်ချုပ်ရေးမှူး အတွင်းရေးမှူး (၂)
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
လွိုင်လင်မြို့

(ဏ) တာဝန်ခံအရာရှိ တွဲဖက်အတွင်းရေးမှူး (၁)
ကျောက်မျက်တူးဖော်ရေးဌာန (မိုးကုတ်)

(တ) တာဝန်ခံအရာရှိ တွဲဖက်အတွင်းရေးမှူး (၂)
ကျောက်မျက်တူးဖော်ရေးဌာန (မိုင်းရှူး)

၂။ ရှမ်းပြည်နယ် လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့သည် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင်-

(က) ခွင့်ပြုမိန့်ပါ စည်းကမ်းချက်များကို ပြည်နယ်အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် သတ်မှတ်ပေးရမည်။

(ခ) လက်လုပ်လက်စားလုပ်ကွက်များတွင် ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ ရောင်းဝယ်ခြင်းများကို မြန်မာ့ကျောက်မျက်ရတနာဥပဒေ၊ ပြည်ထောင်စုအစိုးရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက သတ်မှတ်သည့် အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့် ခွင့်ပြုမိန့်ပါ စည်းကမ်းချက်များနှင့်အညီ စနစ်တကျ လုပ်ကိုင်စေရန် စီမံခန့်ခွဲခြင်း၊ စဉ်ဆက်မပြတ် စောင့်ကြည့်ကွပ်ကဲခြင်းများကို ပြည်နယ်အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် ဆောင်ရွက်ရမည်။

၃။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၈၈/၂၀၁၈ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အုန်းဝင်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စက်မှုဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၁၉)

၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက်
(၂၀၁၉ ခုနှစ်၊ ဧပြီလ ၃၀ ရက်)

၁။ ၂၀၁၉ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၆/၂၀၁၉) ၏ သဘောတူညီချက်အရ ပြည်ထောင်စု ရှေ့နေချုပ်ရုံးမှ ခရိုင်ဥပဒေအရာရှိ (ဒုတိယညွှန်ကြားရေးမှူး) (အငြိမ်းစား) ဦးသန်းထွန်း (ဥ/၂၂၇၈) အား ၂၀၁၉ ခုနှစ်၊ မေလ ၁ ရက်နေ့မှ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၃၀ ရက်နေ့အထိ စက်မှုဝန်ကြီးဌာနတွင် ဥပဒေအကြံပေးအဖြစ် ဒုတိယအကြိမ် တစ်နှစ်ထပ်တိုးခန့်ထားလိုက်သည်။

၂။ ဥပဒေအကြံပေး ဦးသန်းထွန်း အား လစဉ်ချီးမြှင့်ငွေ (၅၀၀,၀၀၀/-) (ကျပ်ငါးသိန်းတိတိ) ကို စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနမှ ထုတ်ယူခွင့်ပြုလိုက်သည်။

ခင်မောင်ချို၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စက်မှုဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပညာရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၂၂၇/၂၀၁၉)**

၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်

(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်)

**အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း**

၁။ ပညာရေးဝန်ကြီးဌာန **အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit - CPU)** ကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန် ပေးအပ်လိုက်သည် -

| **စဉ်** | **အမည်** | **ရာထူး** | **တာဝန်** |
|---|---|---|---|
| (က) | ဒေါက်တာအေးမြင့် | ညွှန်ကြားရေးမှူးချုပ်<br>နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန | အဖွဲ့ခေါင်းဆောင် |
| (ခ) | ဒေါက်တာဖော်မြင့် | ညွှန်ကြားရေးမှူးချုပ်<br>မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန | ဒုတိယ အဖွဲ့ခေါင်းဆောင် |
| (ဂ) | ဦးကိုလေးဝင်း | ညွှန်ကြားရေးမှူးချုပ်<br>အခြေခံပညာဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒေါက်တာစိုးကျော်နိုင်ဦး | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>လေ့လာဆန်းစစ်အကဲဖြတ်ရေးအဖွဲ့ (သုတေသန) | အဖွဲ့ဝင် |
| (င) | ဒေါက်တာကျော်ကျော်ခေါင် | ပါမောက္ခချုပ်<br>ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် | အဖွဲ့ဝင် |
| (စ) | ဒေါက်တာမောင်မောင်နိုင် | ပါမောက္ခချုပ်<br>ရတနာပုံတက္ကသိုလ် | အဖွဲ့ဝင် |
| (ဆ) | ဒေါက်တာဒေါ်အေးအေးထွန်း | ပါမောက္ခချုပ်<br>ပဲခူးတက္ကသိုလ် | အဖွဲ့ဝင် |
| (ဇ) | ဒေါက်တာတင်မောင်ထွန်း | ပါမောက္ခချုပ်<br>ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် | အဖွဲ့ဝင် |
| (ဈ) | ဒေါက်တာဒေါ်မေစန်းရီ | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အဆင့်မြင့်ပညာဦးစီးဌာန | အဖွဲ့ဝင် |

၂။ ပညာရေးဝန်ကြီးဌာန **အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit - CPU)** ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) အဂတိလိုက်စားသော ပြစ်မှုလုံးဝ မကျူးလွန်မိစေရန် ဌာနများ၌ အဂတိလိုက်စားမှုပြဿနာ ပေါ်ပေါက်နိုင်သော အခြေအနေများကို ကြိုတင်စိစစ် ဖော်ထုတ်ရန်၊

(ခ) ဌာနဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များတွင် အဂတိလိုက်စားမှုဖြစ်နိုင်ခြေ (ဂယ်ပေါက်များ) ရှိ မရှိ ဆန်းစစ် အကဲဖြတ်ရန်၊

(ဂ) ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအသီးသီးတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး အဖွဲ့ငယ်များ ဖွဲ့စည်းပေးပြီး ချိတ်ဆက်ဆောင်ရွက်ရန်၊

(ဃ) အဂတိလိုက်စားမှု ဖြစ်နိုင်သော (ဂယ်ပေါက်များ) အား စနစ်တကျ ပိတ်ဆို့ ထိန်းချုပ်ရန်အတွက် စည်းမျဉ်းစည်းကမ်း ဥပဒေများနှင့်အညီ ဆောင်ရွက်ရန်၊

(င) အဂတိလိုက်စားမှု ဖြစ်ပေါ်လာပါက ထိရောက်စွာ အရေးယူဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်ရန်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၂၅၃/၂၀၁၉)

၁၃၈၀ ပြည့်နှစ်၊ တန်ခူးလဆန်း ၁ ရက်

(၂၀၁၉ ခုနှစ်၊ ဧပြီလ ၅ ရက်)

၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပညာရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၃/၂၀၁၉) အစီအစဉ် (၁၀) ၌ သဘောတူညီချက်အရ အဆင့်မြင့်ပညာဦးစီးဌာန၊ မန္တလာဒီဂရီကောလိပ်၊ ဓာတုဗေဒဌာနမှ ပါမောက္ခ (ဌာနမှူး) ဒေါက်တာတင်တင်မြ အား ၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၇ ရက်နေ့မှစ၍ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုပြီး ခွင့်ရက်များ ကုန်ဆုံးမည့် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၂၆၅/၂၀၁၉)

၁၃၈၀ ပြည့်နှစ်၊ တန်ခူးလဆန်း ၇ ရက်

(၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၁ ရက်)

၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၇/၂၀၁၉) စားပွဲတင်အစီအစဉ် (၁၉) ၌ သဘောတူညီချက်အရ အခြေခံပညာဦးစီးဌာန (ရုံးချုပ်) တွင် ဒုတိယညွှန်ကြားရေးမှူးချုပ် (ပညာ) တာဝန် ပေးအပ်ထားသော ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဒေါက်တာတင်မောင်ဝင်း အား အဆိုပါဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ဒုတိယညွှန်ကြားရေးမှူးချုပ် (ပညာ)၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးသို့ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၂၆၉/၂၀၁၉)

၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၇/၂၀၁၉) စားပွဲတင်အစီအစဉ် (၂၀) ၌ သဘောတူညီချက်အရ အဆင့်မြင့်ပညာဦးစီးဌာန၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၊ ဌာနကြီးမှူး (စီမံ/ဘဏ္ဍာ) တာဝန်ပေးအပ်ထားသော ဒေါက်တာအေးအေးသင်း၊ ဌာနမှူး (သင်တန်း)၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) အား အဆိုပါတက္ကသိုလ်တွင် လစ်လပ်လျက်ရှိသော ဌာနကြီးမှူး (စီမံ/ဘဏ္ဍာ)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးသို့ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၂၇၁/၂၀၁၉)

၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၇/၂၀၁၉) စားပွဲတင်အစီအစဉ် (၂၂) ၌ သဘောတူညီချက်အရ ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ ဌာနခွဲအသီးသီးတွင် ညွှန်ကြားရေးမှူးတာဝန် ပူးတွဲထမ်းဆောင်စေခဲ့သော အောက်ဖော်ပြပါ ဒုတိယညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) များအား ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးသို့ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | လက်ရှိရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|---|---|
| ၁။ | ဒေါက်တာဇေယျာထွန်း | ဒုတိယညွှန်ကြားရေးမှူး (ညွှန်ကြားရေးမှူးတာဝန်) ဌာနတွင်းစာရင်းစစ်နှင့် ဘဏ္ဍာရေးဌာနခွဲ | ညွှန်ကြားရေးမှူး ဌာနတွင်းစာရင်းစစ်နှင့် ဘဏ္ဍာရေးဌာနခွဲ |

| စဉ် | အမည် | လက်ရှိရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|---|---|
| ၂။ | ဒေါက်တာလှမျိုးကြည် | ဒုတိယညွှန်ကြားရေးမှူး (ညွှန်ကြားရေးမှူးတာဝန်) မူဝါဒနှင့်ဥပဒေလုပ်ထုံးလုပ်နည်း စိစစ်ရေးနှင့်လုပ်ငန်းစစ်ဆေးရေး ဌာနခွဲ | ညွှန်ကြားရေးမှူး မူဝါဒနှင့်ဥပဒေလုပ်ထုံးလုပ်နည်း စိစစ်ရေးနှင့်လုပ်ငန်းစစ်ဆေးရေး ဌာနခွဲ |
| ၃။ | ဦးကျော်သူမောင် | ဒုတိယညွှန်ကြားရေးမှူး (ညွှန်ကြားရေးမှူးတာဝန်) စီမံကိန်းနှင့်စာရင်းအင်းဌာနခွဲ | ညွှန်ကြားရေးမှူး စီမံကိန်းနှင့်စာရင်းအင်းဌာနခွဲ |
| ၄။ | ဒေါ်ဌေးဌေးခိုင် | ဒုတိယညွှန်ကြားရေးမှူး (ညွှန်ကြားရေးမှူးတာဝန်) နိုင်ငံခြားပညာသင်ဌာနခွဲ | ညွှန်ကြားရေးမှူး နိုင်ငံခြားပညာသင်ဌာနခွဲ |

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၂၇၂/၂၀၁၉)

၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၇/၂၀၁၉) စားပွဲတင်အစီအစဉ် (၂၂) ၌ သဘောတူညီချက်အရ ပညာရေးဝန်ကြီး ဌာန၊ ဝန်ကြီးရုံး၊ ဌာနခွဲအသီးသီးတွင် ညွှန်ကြားရေးမှူးတာဝန် ပူးတွဲထမ်းဆောင်စေခဲ့သော အောက်ဖော်ပြပါ ဒုတိယညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) များအား ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးသို့ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | လက်ရှိရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|---|---|
| ၁။ | ဒေါက်တာဝင်းသန်းထွန်း | ဒုတိယညွှန်ကြားရေးမှူး (ညွှန်ကြားရေးမှူးတာဝန်) စီမံကိန်းနှင့်စာရင်းအင်းဌာနခွဲ [အစိုးရနည်းပညာကောလိပ် (မြင်းခြံ) ၏ ဒု-ကျောင်းအုပ်ကြီး ရာထူးရယူ၍] | ညွှန်ကြားရေးမှူး စီမံကိန်းနှင့်စာရင်းအင်းဌာနခွဲ [အစိုးရနည်းပညာကောလိပ် (မြင်းခြံ) ၏ ဒု-ကျောင်းအုပ်ကြီး ရာထူးရယူ၍] |
| ၂။ | ဒေါ်သန်းသန်းဌေး | ဒုတိယညွှန်ကြားရေးမှူး (ညွှန်ကြားရေးမှူးတာဝန်) ပြည်တွင်း/ပြည်ပဆက်ဆံရေးနှင့် သတင်းပြန်ကြားရေးဌာနခွဲ [အစိုးရစက်မှုလက်မှုသိပ္ပံ (ကျောက်ပန်းတောင်း) ၏ ဒု-ကျောင်းအုပ်ကြီးရာထူးရယူ၍] | ညွှန်ကြားရေးမှူး ပြည်တွင်း/ပြည်ပဆက်ဆံရေးနှင့် သတင်းပြန်ကြားရေးဌာနခွဲ [အစိုးရစက်မှုလက်မှုသိပ္ပံ (ကျောက်ပန်းတောင်း) ၏ ဒု-ကျောင်းအုပ်ကြီးရာထူးရယူ၍] |
| ၃။ | ဒေါက်တာသင်းသင်းခိုင် | ဒုတိယညွှန်ကြားရေးမှူး (ညွှန်ကြားရေးမှူးတာဝန်) မူဝါဒနှင့်ဥပဒေလုပ်ထုံးလုပ်နည်း စိစစ်ရေးနှင့် လုပ်ငန်းစစ်ဆေးရေး ဌာနခွဲ [အစိုးရစက်မှုလက်မှုသိပ္ပံ (လက်ပံတန်း) ၏ ဒု-ကျောင်းအုပ်ကြီးရာထူးရယူ၍] | ညွှန်ကြားရေးမှူး မူဝါဒနှင့်ဥပဒေလုပ်ထုံးလုပ်နည်း စိစစ်ရေးနှင့် လုပ်ငန်းစစ်ဆေးရေး ဌာနခွဲ [အစိုးရစက်မှုလက်မှုသိပ္ပံ (လက်ပံတန်း) ၏ ဒု-ကျောင်းအုပ်ကြီးရာထူးရယူ၍] |

| စဉ် | အမည် | လက်ရှိရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|---|---|
| ၄။ | ဒေါက်တာငြိမ်းဝေ | ဒုတိယညွှန်ကြားရေးမှူး (ညွှန်ကြားရေးမှူးတာဝန်) ပြည်တွင်း/ပြည်ပဆက်ဆံရေးနှင့် သတင်းပြန်ကြားရေးဌာနခွဲ [အစိုးရစက်မှုလက်မှုသိပ္ပံ (ဝါးခယ်မ) ၏ ဒု-ကျောင်းအုပ်ကြီးရာထူးရယူ၍] | ညွှန်ကြားရေးမှူး ပြည်တွင်း/ပြည်ပဆက်ဆံရေးနှင့် သတင်းပြန်ကြားရေးဌာနခွဲ [အစိုးရစက်မှုလက်မှုသိပ္ပံ (ဝါးခယ်မ) ၏ ဒု-ကျောင်းအုပ်ကြီးရာထူးရယူ၍] |
| ၅။ | ဦးအောင်မိုးဦး | ဒုတိယညွှန်ကြားရေးမှူး (ညွှန်ကြားရေးမှူးတာဝန်) အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ် စီမံခန့်ခွဲမှုဌာနခွဲ [အစိုးရစက်မှုလက်မှုသိပ္ပံ (ကျိုက်လတ်) ၏ ဒု-ကျောင်းအုပ်ကြီးရာထူးရယူ၍] | ညွှန်ကြားရေးမှူး အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ် စီမံခန့်ခွဲမှုဌာနခွဲ [အစိုးရစက်မှုလက်မှုသိပ္ပံ (ကျိုက်လတ်) ၏ ဒု-ကျောင်းအုပ်ကြီးရာထူးရယူ၍] |

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၈၅/၂၀၁၉)**

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်

(၂၀၁၉ ခုနှစ်၊ ဧပြီလ ၁ ရက်)

၂၀၁၉ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၆/၂၀၁၉) အစီအစဉ် (၃၄) ၌ သဘောတူညီချက်အရ အဆင့်မြင့်ပညာဦးစီးဌာန၊ ပြည်တက္ကသိုလ်၊ စာမေးပွဲနှင့်ဘွဲ့နှင်းဌာနမှ ဌာနမှူး (သင်တန်းရေးရာ) တာဝန်ပေးအပ်ထားသော မော်ကွန်းထိန်း ဦးနေဝင်း အား ပြည်တက္ကသိုလ်၊ စာမေးပွဲနှင့်ဘွဲ့နှင်းဌာန၊ ဌာနမှူး (သင်တန်းရေးရာ)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးသို့ ၂၀၁၉ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

ဒေါက်တာမျိုးသိမ်းကြီး၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပညာရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၃၉/၂၀၁၉)**

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၁ ရက်

(၂၀၁၉ ခုနှစ်၊ မတ်လ ၂၁ ရက်)

**အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit - CPU)**

**ပြင်ဆင်ဖွဲ့စည်းခြင်း**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၃/၂၀၁၉ ဖြင့် ဖွဲ့စည်းခဲ့သည့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Pre-

vention Unit - CPU) တွင် ဦးစိန်ဝင်း၊ ဒုတိယအမြဲတမ်းအတွင်းဝန် (ကျန်းမာရေး)၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအား အဖွဲ့ခေါင်းဆောင်အဖြစ်လည်းကောင်း၊ ဒေါက်တာဒေါ်စန်းမြင့်၊ ညွှန်ကြားရေးမှူး (စီမံ)၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနအား အဖွဲ့ဝင်အဖြစ်လည်းကောင်း ပြင်ဆင်ဖွဲ့စည်းတာဝန်ပေးအပ် လိုက်သည်။

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်
(၂၀၁၉ ခုနှစ်၊ မတ်လ ၂၂ ရက်)

အမှတ် ၁၈ ။ ။ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၂/၂၀၁၉) ၏ သဘောတူ ဆုံးဖြတ်ချက်အရ သားဖွားမီးယပ်ပညာဌာနမှ အောက်ဖော်ပြပါ တွဲဖက်ပါမောက္ခ၊ လစာနှုန်း (၃၄၁,၀၀၀- ၄,၀၀၀-၃၆၁,၀၀၀) များအား အလုပ်တာဝန်များ စတင်ထမ်းဆောင်သည့်နေ့မှစ၍ အမည်နှင့် ယှဉ်တွဲဖော်ပြပါ အတိုင်း ပါမောက္ခ၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) များအဖြစ် ရာထူးတိုးမြှင့် ပြောင်းရွှေ့ခန့်ထား လိုက်သည် -

| **စဉ်** | **ဆမ** | **အမည်၊ ပညာ၊ ရာထူး၊ ဌာန၊ တက္ကသိုလ်** | **တိုးမြှင့်ပြောင်းရွှေ့ခန့်ထားသည့်ရာထူး၊ ဌာန၊ တက္ကသိုလ်** |
|---|---|---|---|
| ၁။ | ၁၂၄၉၈ | ဒေါက်တာချယ်ရီစန်း<br>M.Med.Sc (OG)<br>M.R.C.OG<br>အထူးကုဆရာဝန်ကြီး/တွဲဖက်ပါမောက္ခ<br>ဗဟိုအမျိုးသမီးဆေးရုံကြီး၊ ရန်ကုန်မြို့<br>[အထူးကုဆရာဝန်ကြီး (မီးယပ်မှန်ပြောင်းကြည့်)<br>ဗဟိုအမျိုးသမီးဆေးရုံကြီး၊ ရန်ကုန်မြို့<br>ရာထူးအင်အားဖြင့်] | ပါမောက္ခ<br>သားဖွားမီးယပ်ပညာဌာန<br>ဆေးတက္ကသိုလ် (တောင်ကြီး) |
| ၂။ | ၁၂၆၄၂ | ဒေါက်တာမြတ်ချစ်ဆွေ<br>M.Med.Sc (OG)<br>Dr.Med.Sc (OG)<br>တွဲဖက်ပါမောက္ခ<br>သားဖွားမီးယပ်ပညာဌာန<br>ဆေးတက္ကသိုလ် (၁) ရန်ကုန် | ပါမောက္ခ<br>သားဖွားမီးယပ်ပညာဌာန<br>ဆေးတက္ကသိုလ် (မကွေး) |
| ၃။ | ၁၂၈၄၇ | ဒေါက်တာသီဂီမြ<br>M.Med.Sc (OG)<br>Dr.Med.Sc (OG)<br>တွဲဖက်ပါမောက္ခ<br>သားဖွားမီးယပ်ပညာဌာန<br>ဆေးတက္ကသိုလ် (မန္တလေး) | ပါမောက္ခ<br>သားဖွားမီးယပ်ပညာဌာန<br>ဆေးတက္ကသိုလ် (မကွေး) |
| ၄။ | ၁၂၉၃၈ | ဒေါက်တာမြင့်သက်မွန်<br>Dip.Med.Sc<br>M.Med.Sc (OG)<br>Dr.Med.Sc (OG)<br>တွဲဖက်ပါမောက္ခ<br>သားဖွားမီးယပ်ပညာဌာန<br>ဆေးတက္ကသိုလ် (၁) ရန်ကုန် | ပါမောက္ခ<br>သားဖွားမီးယပ်ပညာဌာန<br>ဆေးတက္ကသိုလ် (မန္တလေး) |

မှတ်ချက်။ ရာထူးတိုးမြှင့်ပြောင်းရွှေ့ခန့်ထားခြင်းခံရသည့် ပါမောက္ခများသည် ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် သက်ဆိုင်ရာဌာနအကြီးအကဲထံ တွေ့ဆုံသတင်းပို့ရန်နှင့် တိုးမြှင့် ပြောင်းရွှေ့တာဝန်ချထားသည့် အမိန့်ကြော်ငြာစာထွက်ပြီး သတ်မှတ်ရက်အတွင်း **(သတ်မှတ်ရက်အတွင်း)** အလုပ် တာဝန်များ လွှဲပြောင်းလက်ခံပြီး ပြောင်းရွှေ့စေရန်ဖြစ်သည်။

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက်
(၂၀၁၉ ခုနှစ်၊ မတ်လ ၂၆ ရက်)

အမှတ် ၁၉ ။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ၂၀၁၉ ခုနှစ်၊ မတ်လ ၇ ရက်စွဲပါ စာအမှတ်၊ ၅ မက (ခ) ၂၀၁၉/၃၉၉၆ ဖြင့် ခွင့်ပြုချက်အရ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ အခြေခံကျန်းမာရေးတက္ကသိုလ် (မကွေး)၊ ပါမောက္ခချုပ် ပါမောက္ခဒေါက်တာထင်ဇော်စိုး (ဆမ - ၁၀၃၆၃) အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၉ ခုနှစ်၊ မေလ ၂၆ ရက်နေ့ နံနက်ပိုင်းမှစ၍ ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်း ဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

အမှတ် ၂၀ ။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ၂၀၁၉ ခုနှစ်၊ မတ်လ ၇ ရက်စွဲပါ စာအမှတ်၊ ၄ မက (ခ) ၂၀၁၉/၃၉၉၄ ဖြင့် ခွင့်ပြုချက်အရ ရန်ကုန်မြို့၊ ခုတင် (၅၀၀) အထူးကုဆေးရုံကြီး၊ ဆီးနှင့် ကျောက်ကပ်ဆေးအထူးကုဌာနမှ ပါမောက္ခ/ဌာနမှူး ဒေါက်တာခင်သီတာသွင် (ဆမ-၉၈၄၉) အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လခံစားခွင့်ပြုပါရန် လျှောက်ထားခြင်းအား အများပြည်သူအကျိုးငှာ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ အပိုဒ် (၈၁) အရ ငြင်းပယ်လိုက်သည်။

ထိုသို့ငြင်းပယ်ခဲ့သည့် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို အသက် (၆၀) နှစ်ပြည့်သည့် ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့မှ စတင်ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

အမှတ် ၂၁ ။ ။ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ နှလုံးနှင့် သွေးကြောခွဲစိတ်ကုဌာနမှ ပါမောက္ခ/ဌာနမှူး ဒေါက်တာခင်မောင်လွင် (ဆမ-၉၇၇၅) အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လခံစားခွင့်ပြုပါရန် လျှောက်ထားခြင်းအား အများပြည်သူအကျိုးငှာ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ အပိုဒ် (၈၁) အရ ငြင်းပယ် လိုက်သည်။

ထိုသို့ငြင်းပယ်ခဲ့သည့် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို အသက် (၆၀) နှစ်ပြည့်သည့် ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂ ရက်နေ့မှ စတင်ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၁၅ ရက်
(၂၀၁၉ ခုနှစ်၊ ဧပြီလ ၄ ရက်)

အမှတ် ၂၂ ။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်နေ့နှင့် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့တို့တွင် ကျင်းပပြုလုပ်သော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁/၂၀၁၉)၊ (၂/၂၀၁၉) နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၁၉ ခုနှစ်၊ မတ်လ ၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော အစည်းအဝေး

အမှတ်စဉ် (၅/၂၀၁၉) တို့၏ သဘောတူဆုံးဖြတ်ချက်အရ ဆေးအကြိုဘာသာရပ်များမှ အောက်ဖော်ပြပါ နည်းပြ/သရုပ်ပြ၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) (၂၃) ဦးတို့အား အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ အမည်နှင့်ယှဉ်တွဲဖော်ပြပါအတိုင်း လက်ထောက်ကထိက၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အဖြစ် ရာထူးတိုးမြှင့် ပြောင်းရွှေ့ခန့်ထားလိုက်သည် -

| စဉ် | အမည်၊ ရာထူး၊ ဌာန၊ တက္ကသိုလ် | တိုးမြှင့်ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန၊ တက္ကသိုလ် |
|---|---|---|
| ၁။ | ဒေါ်ခိုင်ရွှေဝါမျိုး<br>နည်းပြ၊ မြန်မာစာဌာန<br>ဆေးဝါးတက္ကသိုလ် (ရန်ကုန်) | လက်ထောက်ကထိက<br>မြန်မာစာဌာန<br>ဆေးတက္ကသိုလ် (တောင်ကြီး) |
| ၂။ | ဒေါ်နွယ်နွယ်ဦး<br>သရုပ်ပြ၊ ရူပဗေဒဌာန<br>ဆေးတက္ကသိုလ် (၂) ရန်ကုန် | လက်ထောက်ကထိက<br>ရူပဗေဒဌာန<br>ဆေးတက္ကသိုလ် (တောင်ကြီး) |
| ၃။ | ဒေါ်ဆွေဇင်သိန်း<br>သရုပ်ပြ၊ ရူပဗေဒဌာန<br>သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (မန္တလေး) | လက်ထောက်ကထိက<br>ရူပဗေဒဌာန<br>ဆေးတက္ကသိုလ် (တောင်ကြီး) |
| ၄။ | ဒေါ်နန်းရီရီအောင်<br>သရုပ်ပြ၊ ဓာတုဗေဒဌာန<br>ဆေးတက္ကသိုလ် (မန္တလေး) | လက်ထောက်ကထိက<br>ဓာတုဗေဒဌာန<br>ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ် (မန္တလေး) |
| ၅။ | ဒေါ်သင်းသင်းခိုင်<br>သရုပ်ပြ၊ ဓာတုဗေဒဌာန<br>ဆေးတက္ကသိုလ် (မကွေး) | လက်ထောက်ကထိက<br>ဓာတုဗေဒဌာန<br>ဆေးတက္ကသိုလ် (မန္တလေး) |
| ၆။ | ဒေါ်နုယဉ်<br>သရုပ်ပြ၊ ဓာတုဗေဒဌာန<br>ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ် (မန္တလေး) | လက်ထောက်ကထိက<br>ဓာတုဗေဒဌာန<br>ဆေးဝါးတက္ကသိုလ် (မန္တလေး) |
| ၇။ | ဒေါ်လှလှဝင်း<br>သရုပ်ပြ၊ ဓာတုဗေဒဌာန<br>ဆေးတက္ကသိုလ် (၂) ရန်ကုန် | လက်ထောက်ကထိက<br>ဓာတုဗေဒဌာန<br>ဆေးတက္ကသိုလ် (မန္တလေး) |
| ၈။ | ဒေါ်သီတာဆွေ<br>သရုပ်ပြ၊ ဓာတုဗေဒဌာန<br>သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (ရန်ကုန်) | လက်ထောက်ကထိက<br>ဓာတုဗေဒဌာန<br>ဆေးတက္ကသိုလ် (၁) ရန်ကုန် |
| ၉။ | ဒေါ်ရီရီစိန်<br>သရုပ်ပြ၊ ရုက္ခဗေဒဌာန<br>သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (ရန်ကုန်) | လက်ထောက်ကထိက<br>ရုက္ခဗေဒဌာန<br>ဆေးတက္ကသိုလ် (တောင်ကြီး) |
| ၁၀။ | ဒေါ်မိုးမိုးကျော်<br>သရုပ်ပြ၊ ရုက္ခဗေဒဌာန<br>ဆေးဝါးတက္ကသိုလ် (မန္တလေး) | လက်ထောက်ကထိက<br>ရုက္ခဗေဒဌာန<br>ဆေးတက္ကသိုလ် (တောင်ကြီး) |
| ၁၁။ | ဒေါ်ကြည်ကြည်ဝင်း<br>သရုပ်ပြ၊ ရုက္ခဗေဒဌာန<br>ဆေးဝါးတက္ကသိုလ် (မန္တလေး) | လက်ထောက်ကထိက<br>ရုက္ခဗေဒဌာန<br>ဆေးတက္ကသိုလ် (တောင်ကြီး) |

| စဉ် | အမည်၊ ရာထူး၊ ဌာန၊ တက္ကသိုလ် | တိုးမြှင့်ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန၊ တက္ကသိုလ် |
|---|---|---|
| ၁၂။ | ဒေါ်ကြူကြူထွန်း<br>သရုပ်ပြ၊ ရုက္ခဗေဒဌာန<br>ဆေးတက္ကသိုလ် (၂) ရန်ကုန် | လက်ထောက်ကထိက<br>ရုက္ခဗေဒဌာန<br>ဆေးတက္ကသိုလ် (၁) ရန်ကုန် |
| ၁၃။ | ဒေါ်နွယ်နီလှိုင်<br>သရုပ်ပြ၊ ရုက္ခဗေဒဌာန<br>ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ် (မန္တလေး) | လက်ထောက်ကထိက<br>ရုက္ခဗေဒဌာန<br>ဆေးတက္ကသိုလ် (မန္တလေး) |
| ၁၄။ | ဒေါ်အေးမင်းမင်းခိုင်<br>သရုပ်ပြ၊ သတ္တဗေဒဌာန<br>ဆေးတက္ကသိုလ် (၁) ရန်ကုန် | လက်ထောက်ကထိက<br>သတ္တဗေဒဌာန<br>ဆေးတက္ကသိုလ် (၁) ရန်ကုန် |
| ၁၅။ | ဒေါ်ခင်သူဇာဝင်း<br>သရုပ်ပြ၊ သတ္တဗေဒဌာန<br>ဆေးတက္ကသိုလ် (၂) ရန်ကုန် | လက်ထောက်ကထိက<br>သတ္တဗေဒဌာန<br>ဆေးတက္ကသိုလ် (၂) ရန်ကုန် |
| ၁၆။ | ဒေါ်သက်သက်ဦး<br>သရုပ်ပြ၊ သတ္တဗေဒဌာန<br>သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (ရန်ကုန်) | လက်ထောက်ကထိက<br>သတ္တဗေဒဌာန<br>ဆေးတက္ကသိုလ် (၂) ရန်ကုန် |
| ၁၇။ | ဒေါ်အိအိအောင်<br>သရုပ်ပြ၊ သတ္တဗေဒဌာန<br>ဆေးတက္ကသိုလ် (၂) ရန်ကုန် | လက်ထောက်ကထိက<br>သတ္တဗေဒဌာန<br>ဆေးတက္ကသိုလ် (၂) ရန်ကုန် |
| ၁၈။ | ဒေါ်သန္တာလွင်<br>သရုပ်ပြ၊ သတ္တဗေဒဌာန<br>ဆေးတက္ကသိုလ် (၁) ရန်ကုန် | လက်ထောက်ကထိက<br>သတ္တဗေဒဌာန<br>ဆေးတက္ကသိုလ် (၁) ရန်ကုန် |
| ၁၉။ | ဒေါ်စမ်းစမ်းအေး<br>သရုပ်ပြ၊ သတ္တဗေဒဌာန<br>ဆေးတက္ကသိုလ် (မကွေး) | လက်ထောက်ကထိက<br>သတ္တဗေဒဌာန<br>ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ် (မန္တလေး) |
| ၂၀။ | ဒေါ်သင်းသင်းလှိုင်<br>သရုပ်ပြ၊ သတ္တဗေဒဌာန<br>ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ် (ရန်ကုန်) | လက်ထောက်ကထိက<br>သတ္တဗေဒဌာန<br>ဆေးတက္ကသိုလ် (၂) ရန်ကုန် |
| ၂၁။ | ဒေါ်ချိုချိုမင်း<br>သရုပ်ပြ၊ သတ္တဗေဒဌာန<br>အခြေခံကျန်းမာရေးတက္ကသိုလ် (မကွေး) | လက်ထောက်ကထိက<br>သတ္တဗေဒဌာန<br>ဆေးတက္ကသိုလ် (၁) ရန်ကုန် |
| ၂၂။ | ဒေါ်ညွန့်ညွန့်ယဉ်<br>သရုပ်ပြ၊ သတ္တဗေဒဌာန<br>ဆေးတက္ကသိုလ် (မကွေး) | လက်ထောက်ကထိက<br>သတ္တဗေဒဌာန<br>ဆေးတက္ကသိုလ် (၂) ရန်ကုန် |
| ၂၃။ | ဒေါ်ဇင်နွယ်ဝင့်<br>သရုပ်ပြ၊ သတ္တဗေဒဌာန<br>အခြေခံကျန်းမာရေးတက္ကသိုလ် (မကွေး) | လက်ထောက်ကထိက<br>သတ္တဗေဒဌာန<br>ဆေးတက္ကသိုလ် (မကွေး) |

မှတ်ချက် ။ ။ ရာထူးတိုးမြှင့်ပြောင်းရွှေ့ခန့်ထားခြင်းခံရသည့် လက်ထောက်ကထိကများသည် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် သက်ဆိုင်ရာ ဌာနအကြီးအကဲထံ တွေ့ဆုံသတင်းပို့ရန်နှင့် တိုးမြှင့်ပြောင်းရွှေ့တာဝန်ချထားသည့် အမိန့်စာထွက်ပြီး သတ်မှတ်ရက်အတွင်း **(သတ်မှတ်ရက်အတွင်း)** အလုပ်တာဝန်များ လွှဲပြောင်းလက်ခံပြီး ပြောင်းရွှေ့စေရန်ဖြစ်သည်။

ဒေါက်တာမြင့်ထွေး၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် ၁၇/ ၂၀၁၉

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်
(၂၀၁၉ ခုနှစ်၊ ဧပြီလ ၁ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၉ ခုနှစ်၊ မတ်လ ၂၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၄၂/၂၀၁၉ အရ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦး အား ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးတွင် ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သည့် နေ့မှစ၍ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်။

သောင်းထွန်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ဆောက်လုပ်ရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၇၈/၂၀၁၉)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက်
(၂၀၁၉ ခုနှစ်၊ မတ်လ ၂၆ ရက်)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဖြင့် ညွှန်ကြားရေးမှူး (မြို့ပြ) (တာဝန်) ထမ်းဆောင်လျက်ရှိသော ကိုယ်ပိုင်အမှတ်၊ ဆ/၁၅၃၈ ဒေါ်အေးအေးမော် အား ၂၀၁၉ ခုနှစ်၊ မတ်လ ၂၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၁/၂၀၁၉) ၏ ဆုံးဖြတ်ချက်အရ တံတားဦးစီးဌာနတွင် လစ်လပ်မည့် လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)၊ ညွှန်ကြားရေးမှူး (မြို့ပြ) ရာထူးနေရာသို့ လစ်လပ်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်အပ်ပြီး အဆောက်အဦဦးစီးဌာနတွင် တွဲဖက်တာဝန်ထမ်းဆောင်စေလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၁၆၇/၂၀၁၉)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၉ ရက်
(၂၀၁၉ ခုနှစ်၊ မတ်လ ၁၄ ရက်)

### မြေလွှဲပြောင်းပေးခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၅၁ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ် ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့ အက်ဥပဒေပုဒ်မ-၂၇ (၁) (ခ - ၁) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကို သုံးစွဲလျက် ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀/တောင်)၊ မြေကွက်အမှတ် (၂၃၇/A + ၂၃၇/B + ၂၃၇/D + ၂၃၇/E + ၂၃၇/G + ၂၃၇/H + ၂၃၇/က၁ + ၂၃၇/က၂ + ၂၃၇/က၃ + ၂၃၇/ခ)၊ ဧရိယာ (၃၈. ၈၆၈) ဧကရှိ အစိုးရမြေနေရာကို တံတားဦးစီးဌာနအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ အောက်ပါ စည်းကမ်းချက်များဖြင့် လွှဲပြောင်းပေးလိုက်သည် -

(က) ဖော်ပြပါမြေကို အများပြည်သူအကျိုးငှာ တံတားဦးစီးဌာနအတွက်သာ အသုံးပြုရန်နှင့် အခြားနည်းဖြင့် အသုံးမပြုရ။

(ခ) ထိုမြေကို တံတားဦးစီးဌာနက အသုံးပြုရန်မလိုအပ်သည့်အခါ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာနသို့ ပြန်လည်အပ်နှံရန်နှင့် အစိုးရက ပြန်လည်သိမ်းယူမည်။

(ဂ) မြေကို အသုံးပြုရာတွင် တံတားဦးစီးဌာနနှင့် ဤဦးစီးဌာနတို့ အယူအဆ သဘောထားကွဲလွဲမှု ရှိသည့်အခါ ယင်းကိစ္စကို ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ တင်ပြ၍ အဆုံးအဖြတ်ခံယူရမည်။

၂။ **လွှဲပြောင်းပေးသည့် မြေ၏ အကြောင်းအရာ ဖော်ပြချက်**

| တိုင်းဒေသကြီး | မြို့နယ် | မြေတိုင်း ရပ်ကွက် အမှတ် | မြေကွက် အမှတ် | ခန့်မှန်းမြေ ဧရိယာ | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | | ဧက | ဒသမ | |
| ရန်ကုန်တိုင်း ဒေသကြီး | သာကေတ | ၁၀/တောင် | (၂၃၇/A + ၂၃၇/B + ၂၃၇/D + ၂၃၇/E + ၂၃၇/G + ၂၃၇/H + ၂၃၇/က၁ + ၂၃၇/က၂ + ၂၃၇/က၃ + ၂၃၇/ခ) | ၃၈ | ၈၆၈ | |
| **စုစုပေါင်း** | | | | **၃၈** | **၈၆၈** | |

၃။ မြေကွက်အမှတ် (၂၃၇/A + ၂၃၇/B + ၂၃၇/D + ၂၃၇/E + ၂၃၇/က၁ + ၂၃၇/က၂ + ၂၃၇/က၃ + ၂၃၇/ခ) ၏ နယ်နိမိတ်အလားအလာဖော်ပြချက်

အရှေ့လားသော် - ပဲခူးမြစ်

အနောက်လားသော် - ရှုခင်းသာမြို့ပတ်လမ်း

တောင်လားသော် - မြေကွက်အမှတ် (၂၃၆/ခ + ၂၃၆/A၂)

မြောက်လားသော် - မြေကွက်အမှတ် - ၂၃၇/C

မြေကွက်အမှတ် (၂၃၇/G + ၂၃၇/H) နယ်နိမိတ်အလားအလာဖော်ပြချက်

အရှေ့လားသော် - ရှုခင်းသာမြို့ပတ်လမ်း

အနောက်လားသော် - ရတနာလမ်း

တောင်လားသော် - ဓမ္မာရုံလမ်း

မြောက်လားသော် - မြေကွက်အမှတ် (၂၃၇/C + ၂၃၇/H¹)

၄။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် အစည်းအဝေးအမှတ်စဉ် (၁/၂၀၁၉) အရ ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀/တောင်)၊ မြေကွက်အမှတ် (၂၃၇/A + ၂၃၇/B + ၂၃၇/D + ၂၃၇/E + ၂၃၇/G + ၂၃၇/H + ၂၃၇/က¹ + ၂၃၇/က² + ၂၃၇/က³ + ၂၃၇/ခ)၊ ဧရိယာ (၃၈. ၈၆၈) ဧကရှိ အစိုးရမြေကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာနသို့ အမိန့်ကြော်ငြာစာ (ပြန်တမ်း) ဖြင့် လွှဲပြောင်းပေးပါသည်။

ဟန်ဇော်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ဆောက်လုပ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

### အမိန့်ကြော်ငြာစာအမှတ် ၂၁/၂၀၁၉

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်
(၂၀၁၉ ခုနှစ်၊ မတ်လ ၂၉ ရက်)

၂၀၁၉ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ (၆/၂၀၁၉) ကြိမ်မြောက် အစည်းအဝေး၏ သဘောတူခွင့်ပြုချက်အရ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဒေါက်တာထွန်းဇော် အား ပြန်လည်ထူထောင်ရေးဦးစီးဌာနရှိ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးနေရာသို့ အလုပ်တာဝန်များ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

ဒေါက်တာဝင်းမြတ်အေး၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

### အမိန့်အမှတ် ၁/၂၀၁၉

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၉ ရက်
(၂၀၁၉ ခုနှစ်၊ မတ်လ ၁၄ ရက်)

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဥပဒေပုဒ်မ ၃၉၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး

ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် ဟိုတယ် သို့မဟုတ် တည်းခိုရိပ်သာ ဆောက်လုပ်ခြင်းနှင့် ပြုပြင်မွမ်းမံခြင်းတို့အတွက် ကြိုတင်ခွင့်ပြုချက် လျှောက်ထားခြင်းနှင့်စပ်လျဉ်းသည့် ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

## ကြိုတင်ခွင့်ပြုချက်လျှောက်ထားခြင်းဆိုင်ရာအမိန့်

၁။ ဤအမိန့်တွင်ပါရှိသော စကားရပ်များသည် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်းအဓိပ္ပာယ် သက်ရောက်စေရမည် -

(က) **ဟိုတယ်**ဆိုသည်မှာ အနည်းဆုံး နှစ်ယောက်အိပ်ခန်း ၂၀ ခန်းပါရှိပြီး ခရီးသည်များ တည်းခိုနေနိုင်ရန်လည်းကောင်း၊ အစားအစာ၊ အဖျော်ယမကာနှင့် အခြားဝန်ဆောင်မှုများအတွက်လည်းကောင်း စီးပွားရေးအလို့ငှာ အခကြေးငွေရယူ၍ လက်ခံစီစဉ်ပေးသည့် အဆောက်အအုံကို ဆိုသည်။ ယင်းစကားရပ်တွင် ဘာသာရေး၊ လူမှုရေးအသင်းအဖွဲ့၊ လုပ်ငန်းဌာန သို့မဟုတ် အဖွဲ့အစည်းက စီးပွားရေးအလို့ငှာ အခကြေးငွေမယူဘဲ တည်ထောင်ထားသော တည်းခိုမှုဆိုင်ရာ အဆောက်အအုံ ပါဝင်ခြင်း မရှိစေရ။

(ခ) **တည်းခိုရိပ်သာ**ဆိုသည်မှာ အနည်းဆုံး နှစ်ယောက်အိပ်ခန်း (၁၀) ခန်းပါရှိပြီး ခရီးသည်များ တည်းခိုနေနိုင်ရေးအတွက်သာ စီးပွားရေးအလို့ငှာ အခကြေးငွေရယူ၍ လက်ခံစီစဉ်ပေးသည့် အဆောက်အအုံကို ဆိုသည်။ ယင်းစကားရပ်တွင် ဘာသာရေး၊ လူမှုရေးအသင်းအဖွဲ့၊ လုပ်ငန်းဌာန သို့မဟုတ် အဖွဲ့အစည်းက စီးပွားရေးအလို့ငှာ အခကြေးငွေမယူဘဲ တည်ထောင်ထားသော တည်းခိုမှုဆိုင်ရာ အဆောက်အအုံပါဝင်ခြင်း မရှိစေရ။

(ဂ) **လုပ်ငန်းရှင်**ဆိုသည်မှာ ဟိုတယ် သို့မဟုတ် တည်းခိုရိပ်သာ အဆောက်အအုံအဖြစ် တည်ဆောက်ရန် သို့မဟုတ် ပြုပြင်မွမ်းမံရန် ကြိုတင်ခွင့်ပြုချက် လျှောက်ထားသည့် ပုဂ္ဂိုလ်၊ ကုမ္ပဏီ သို့မဟုတ် အသင်းအဖွဲ့ကို ဆိုသည်။

(ဃ) **ကြိုတင်ခွင့်ပြုချက်**ဆိုသည်မှာ ဟိုတယ် သို့မဟုတ် တည်းခိုရိပ်သာ အဆောက်အအုံတည်ဆောက်ခြင်းကိုဖြစ်စေ၊ ပြုပြင်မွမ်းမံခြင်းကိုဖြစ်စေ ပြုလုပ်နိုင်ရန် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီက ထုတ်ပေးသည့် ခွင့်ပြုချက်ကို ဆိုသည်။

(င) **ကြိုတင်ခွင့်ပြုချက်စိစစ်ရေးအဖွဲ့**ဆိုသည်မှာ ဟိုတယ် သို့မဟုတ် တည်းခိုရိပ်သာဆောက်လုပ်ခြင်း ပြုပြင်မွမ်းမံခြင်းတို့အတွက် ကြိုတင်ခွင့်ပြုချက် လျှောက်ထားခြင်းကို စိစစ်ရန် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်း ကော်မတီကဖွဲ့စည်းသော အဖွဲ့ကို ဆိုသည်။

၂။ လုပ်ငန်းရှင်သည် ကြိုတင်ခွင့်ပြုချက် လျှောက်ထားရာတွင် အောက်ပါ အချက်အလက်အထောက်အထားများဖြင့် ပူးတွဲလျှောက်ထားရမည် -

(က) ကြိုတင်ခွင့်ပြုချက် တောင်းခံသည့်လျှောက်လွှာ၊

(ခ) ကြိုတင်ခွင့်ပြုချက် အဆိုပြုလွှာပုံစံ (နောက်ဆက်တွဲ)၊

(ဂ) နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ ထောက်ခံချက်၊

(ဃ) မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ထောက်ခံချက်၊

(င) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက်၊

(စ) သက်ဆိုင်ရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ထောက်ခံချက်၊ (နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့တို့၏ စည်ပင်သာယာရေးနယ်နိမိတ်အတွင်းဖြစ်ပါက နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ)

(ဆ) မြို့နယ်ရဲစခန်း၏ ထောက်ခံချက်၊

(ဇ) မြို့နယ်မီးသတ်ဦးစီးဌာန၏ ထောက်ခံချက်၊

(ဈ) မြို့နယ်ကျန်းမာရေးဦးစီးဌာန၏ ထောက်ခံချက်၊

(ည) တာဝန်ခံအင်ဂျင်နီယာ လက်မှတ်ရေးထိုးထားသည့် ဆောက်လုပ်မည့် ဟိုတယ် သို့မဟုတ် တည်းခိုရိပ်သာ အဆောက်အဦပုံစံ (Site Plan/ Floor Plan/ Room Plan)

(ဋ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ထောက်ခံချက်၊

(ဌ) မြေပိုင်ဆိုင်မှုအထောက်အထား၊ မြေကိုငှားရမ်းခြင်းဖြစ်ပါက ငှားရမ်းသည့်အထောက်အထား၊ အဆောက်အအုံကို ငှားရမ်းခြင်းဖြစ်ပါက ငှားရမ်းသည့်အထောက်အထား၊

(ဍ) ဟိုတယ် သို့မဟုတ် တည်းခိုရိပ်သာ ဆောက်လုပ်ခြင်းအတွက် ငွေကြေးလုံလောက်မှုရှိကြောင်း အထောက်အထား၊

(ဎ) အဆိုပြုသည့် မြေနေရာနှင့် အဆောက်အအုံသည် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေနှင့် ဆက်စပ်တည်ရှိပါက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၏ ထောက်ခံချက်၊

(ဏ) အဆိုပြုသည့် မြေနေရာနှင့် အဆောက်အအုံသည် သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနယ်မြေနှင့် ဆက်စပ်တည်ရှိပါက သစ်တောဦးစီးဌာန၏ထောက်ခံချက်၊

(တ) အဆိုပြုသည့်မြေနေရာသည် လေယာဉ်ကွင်းနှင့်နီးကပ်ပါက လေကြောင်းပို့ဆောင်ရေးဦးစီးဌာန၏ ထောက်ခံချက်။

၃။ လုပ်ငန်းရှင်သည် ကြိုတင်ခွင့်ပြုချက်လျှောက်ထားရာတွင် အောက်ဖော်ပြပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(က) ဟိုတယ် သို့မဟုတ် တည်းခိုရိပ်သာ ဆောက်လုပ်ရန်သင့်လျော်သည့် မြေနေရာဖြစ်ပြီး မြေပိုင်ဆိုင်မှုအထောက်အထား၊ မြေကိုငှားရမ်းခြင်းဖြစ်ပါက ငှားရမ်းသည့်အထောက်အထားခိုင်လုံစွာ တင်ပြရမည်။

(ခ) ဟိုတယ် သို့မဟုတ် တည်းခိုရိပ်သာ ဆောက်လုပ်မည့်မြေနေရာသည် လုပ်ငန်းသဘာဝနှင့် သင့်လျော်သောနေရာဖြစ်ရမည်။

(ဂ) ဟိုတယ် အဆောက်အအုံဖြစ်လျှင် အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့်အညီ တည်ဆောက်ရမည် -

(၁) မြေဧရိယာသည် အနည်းဆုံး ပေ ၄၀ × ပေ ၆၀ နှင့်အထက် ရှိရမည်။

(၂) အဆောက်အဦ၏ မျက်နှာစာအကျယ်မှာ အနည်းဆုံး ပေ ၃၀ ရှိရမည်။

(၃) အနည်းဆုံးအိပ်ခန်းအရေအတွက် (၂၀) နှင့်အထက် ပါရှိရမည်ဖြစ်ပြီး အိပ်ခန်းများသည် တစ်ယောက်အိပ်ခန်းဖြစ်ပါက အလျား ၁၀ ပေ၊ အနံ ၁၀ ပေ၊ မျက်နှာကြက်အမြင့် ၉ ပေ၊ (ဧရိယာ ၁၀၀ စတုရန်းပေ) ကျယ်ဝန်းရမည်ဖြစ်ပြီး နှစ်ယောက်အိပ်ခန်းဖြစ်ပါက အလျား ၁၂ ပေ၊ အနံ ၁၂ ပေ၊ မျက်နှာကျက်ကြက်အမြင့် ၉ ပေ၊ (ဧရိယာ ၁၄၄ စတုရန်းပေ) ကျယ်ဝန်းရမည်။

(၄) အိပ်ခန်းတိုင်းတွင် အလျား ၆ ပေ၊ အနံ ၆ ပေ၊ အမြင့် ၉ ပေ သို့မဟုတ် အလျား ၇ ပေ၊ အနံ ၅ ပေ၊ အမြင့် ၉ ပေ၊ ကျယ်ဝန်းသည့် ရေချိုးခန်းနှင့် အိမ်သာတွဲလျက် ပါရှိရမည်။

(၅) ဘာသာရေး အဆောက်အအုံ၊ ကျောင်းစသည်တို့နှင့် လွတ်ကင်းပြီးဟိုတယ်လုပ်ငန်း ဆောင်ရွက်ရန် သင့်လျော်သောနေရာဖြစ်ရမည်။

(၆) အန္တရာယ်ကင်းရှင်းသည့် သီးသန့်လှေကားပါရှိသော သီးခြားအဆောက်အအုံဖြစ်ရမည်။

(၇) လုံခြုံရေးနှင့် မီးဘေးအန္တရာယ် ကာကွယ်တားဆီးရေးအတွက် (၃) ထပ်နှင့် အထက် အဆောက်အအုံဖြစ်ပါက အမှန်တကယ်သုံးစွဲနိုင်သည့် ကြံ့ခိုင်ကောင်းမွန်သော အရေးပေါ် ထွက်ပေါက်လှေကား တပ်ဆင်ရမည်၊ မီးသတ်ဦးစီးဌာန၏ ညွှန်ကြားချက်နှင့်အညီ အလို အလျောက် မီးငြိမ်းသတ်စနစ်များ (Fire Alarm, Sprinkler, Fire Hoses Reel) များ တပ်ဆင်ထားရှိရမည်။

(၈) အဆောက်အအုံသည် အလင်းရောင်နှင့် လေဝင်လေထွက် လုံလောက်ကောင်းမွန်ရမည်။

(၉) အဆောက်အအုံသည် (၄) ထပ်နှင့်အထက်ဖြစ်ပါက အနည်းဆုံး ဓာတ်လှေကား (၁) စင်း တပ်ဆင်ရမည်။

(၁၀) သင့်လျော်သည့် ယာဉ်ရပ်နားရန်နေရာပါရှိရမည်။

(၁၁) ဟိုတယ်အဆင့်နှင့် လျော်ညီသည့် သင့်လျော်သော အသုံးအဆောင်များထားရမည်။ (ဥပမာ Safety Box, Phone, လျှပ်စစ်ပလပ်များနှင့် Fridge အသေးစားများ)

(၁၂) ဧည့်ခန်းနှင့် ဧည့်ကြိုကောင်တာနေရာ ပါရှိရမည်။

(၁၃) အများသုံးနေရာများတွင် အများသုံးသန့်စင်ခန်း အနည်းဆုံး (၂) ခန်းပါရှိရမည်။

(၁၄) အိပ်ခန်းများကို မြေအောက်ထပ် (Basement) တွင် ဖွဲ့စည်းထားခြင်း မပြုရ။

(၁၅) အိပ်ခန်းတိုင်းသည် အလင်းရောင်နှင့် လေဝင်လေထွက်လုံလောက် ကောင်းမွန်ရမည်။

(၁၆) အိပ်ခန်းတိုင်းသည် သီးခြားလွတ်လပ်လုံခြုံစွာ ဖွဲ့စည်းထားရမည်။

(၁၇) စားသောက်ခန်းနှင့် စားဖိုဆောင် သီးခြားဖွဲ့စည်းထားရှိရမည်။

(၁၈) ဟိုတယ်မှထွက်ရှိလာမည့်အမှိုက်သရိုက်များနှင့် ရေဆိုးမိလ္လာများအား ပတ်ဝန်းကျင် ညစ်ညမ်းမှုမဖြစ်စေရေး သက်ဆိုင်ရာဌာနများ၏ ညွှန်ကြားချက်နှင့်အညီ စွန့်ပစ်မည့် အစီအမံပါရှိရမည်။ အနည်စစ်ကန် (Bio Filter) များ၊ အောက်စီဂျင်မဲ့ (anaerobic) စနစ်များ ထားရှိရမည်။

(ဃ) တည်းခိုရိပ်သာ အဆောက်အအုံဖြစ်လျှင် အောက်ပါသတ်မှတ်ချက်များနှင့်အညီ တည်ဆောက် ရမည် -

(၁) မြေဧရိယာသည် အနည်းဆုံး ပေ ၃၀ × ပေ ၆၀ နှင့်အထက် ရှိရမည်။

(၂) အဆောက်အဦ၏ မျက်နှာစာအကျယ်မှာ အနည်းဆုံး ပေ ၂၀ ရှိရမည်။

(၃) အနည်းဆုံး အိပ်ခန်းအရေအတွက် (၁၀) ခန်းနှင့်အထက် ပါရှိရမည်ဖြစ်ပြီး အိပ်ခန်း များသည် တစ်ယောက်အိပ်ခန်းဖြစ်ပါက အလျား ၁၀ ပေ၊ အနံ ၁၀ ပေ၊ မျက်နှာကြက် အမြင့် ၉ ပေ၊ (ဧရိယာ ၁၀၀ စတုရန်းပေ) ကျယ်ဝန်းရမည်ဖြစ်ပြီး နှစ်ယောက်အိပ်ခန်း ဖြစ်ပါက အလျား ၁၂ ပေ၊ အနံ ၁၂ ပေ၊ မျက်နှာကျက်ကြက်အမြင့် ၉ ပေ၊ (ဧရိယာ ၁၄၄ စတုရန်းပေ) ကျယ်ဝန်းရမည်။

(၄) အိပ်ခန်းတိုင်းတွင် အလျား ၆ ပေ၊ အနံ ၆ ပေ၊ အမြင့် ၉ ပေ သို့မဟုတ် အလျား ၇ ပေ၊ အနံ ၅ ပေ၊ အမြင့် ၉ ပေ၊ ကျယ်ဝန်းသည့် ရေချိုးခန်းနှင့် အိမ်သာ တွဲလျက်ပါရှိရမည်။

(၅) ဘာသာရေး အဆောက်အအုံ၊ ကျောင်းစသည်တို့နှင့် လွတ်ကင်းပြီး တည်းခိုရိပ်သာလုပ်ငန်း ဆောင်ရွက်ရန်သင့်လျော်သောနေရာဖြစ်ရမည်။

(၆) အန္တရာယ်ကင်းရှင်းပြီး သီးသန့်လှေကားပါရှိသော သီးခြားအဆောက်အအုံဖြစ်ရမည်။

(၇) လုံခြုံရေးနှင့် မီးဘေးအန္တရာယ်ကာကွယ် တားဆီးရေးအတွက် (၃) ထပ်နှင့်အထက် အဆောက်အအုံဖြစ်ပါက အမှန်တကယ်သုံးစွဲနိုင်သည့် ကြံ့ခိုင်ကောင်းမွန်သောအရေးပေါ် ထွက်ပေါက်လှေကားတပ်ဆင်ရမည်၊ မီးသတ်ဦးစီးဌာန၏ ညွှန်ကြားချက်နှင့်အညီ အလိုအလျောက် မီးငြိမ်းသတ်စနစ်များ (Fire Alarm, Sprinkler, Fire Hoses Reel) များ တပ်ဆင်ထားရှိရမည်။

(၈) အဆောက်အအုံသည် အလင်းရောင်နှင့် လေဝင်လေထွက်လုံလောက်ကောင်းမွန်ရမည်။

(၉) ယာဉ်ရပ်နားရန် လုံလောက်သော အကျယ်အဝန်းရှိရမည်။

(၁၀) ဧည့်ခန်းနှင့် ဧည့်ကြိုကောင်တာနေရာ ပါရှိရမည်။

(၁၁) အများသုံးနေရာများတွင် အများသုံးသန့်စင်ခန်းပါရှိရမည်။

(၁၂) အိပ်ခန်းများကို မြေအောက်ထပ် (Basement) တွင် ဖွဲ့စည်းထားရှိခြင်း မပြုရ။

(၁၃) အိပ်ခန်းတိုင်းသည် အလင်းရောင်နှင့် လေဝင်လေထွက်လုံလောက် ကောင်းမွန်ရမည်။

(၁၄) အိပ်ခန်းတိုင်းကို သီးခြားလွတ်လပ်လုံခြုံစွာ ဖွဲ့စည်းထားရမည်။

(၁၅) တည်းခိုရိပ်သာမှထွက်ရှိလာမည့် အမှိုက်သရိုက်များနှင့် ရေဆိုးမိလ္လာများအား ပတ်ဝန်းကျင် ညစ်ညမ်းမှုမဖြစ်စေရေး သက်ဆိုင်ရာဌာနများ၏ညွှန်ကြားချက်နှင့်အညီ စွန့်ပစ်မည့် အစီအမံပါရှိရမည်။ အနည်စစ်ကန် (Bio Filter) များ၊ အောက်စီဂျင်မဲ့ (anaerobic) စနစ်များ ထားရှိရမည်။

၄။ ဟိုတယ် သို့မဟုတ် တည်းခိုရိပ်သာဆောက်လုပ်ခြင်းနှင့် ပြုပြင်မွမ်းမံခြင်းတို့အတွက် ကြိုတင်ခွင့်ပြုချက် လျှောက်ထားခြင်းကို ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီက ကြိုတင်ခွင့်ပြုချက်စိစစ်ရေးအဖွဲ့ဖြင့် စိစစ်ဆောင်ရွက်ရမည်။

၅။ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီသည် ကြိုတင်ခွင့်ပြုချက်လျှောက်ထားလွှာကို ပူးတွဲတင်ပြရမည့်အထောက်အထားများနှင့်အတူ ပြည့်စုံစွာလက်ခံရရှိသည့်အခါ အလုပ်လုပ်ရက် ရက် (၂၀) အတွင်း ကြိုတင်ခွင့်ပြုချက် လျှောက်ထားမှုကိုစိစစ်ပြီး ဆုံးဖြတ်ချက်ချမှတ်ရမည်။ ဆုံးဖြတ်ချက်ကို လျှောက်ထားသူထံ အကြောင်းကြားရမည်။

၆။ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီသည် ကြိုတင်ခွင့်ပြုချက်ထုတ်ပေးပါက လုပ်ငန်းပြီးစီးရမည့် ကာလကို သတ်မှတ်ဖော်ပြပေးရမည်။ ကြိုတင်ခွင့်ပြုချက်ထုတ်ပေးပြီးနောက် ခွင့်ပြုချက်အတိုင်း လိုက်နာဆောင်ရွက်မှု ရှိ မရှိကို စိစစ်နိုင်ရန် သက်ဆိုင်ရာလုပ်ငန်းဆောင်ရွက်မှုကို အခါအားလျော်စွာ ဝင်ရောက်စစ်ဆေးမှုပြုရမည်။

၇။ ကြိုတင်ခွင့်ပြုချက်ရရှိသူသည် ကြိုတင်ခွင့်ပြုချက်ရရှိပြီးနောက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေကို (၆) လတစ်ကြိမ် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီသို့ တင်ပြအစီရင်ခံရမည်။

၈။ လုပ်ငန်းရှင်သည် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ၏ခွင့်ပြုချက်ရရှိပြီးပါက သတ်မှတ်ကာလ အတွင်း ဟိုတယ် သို့မဟုတ် တည်းခိုရိပ်သာ အဆောက်အအုံကို ပြီးစီးအောင်ဆောက်လုပ်ပြီး လုပ်ငန်းလိုင်စင် ရရှိရေးအတွက် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီသို့ ဆက်လက်လျှောက်ထားရမည်။

အုန်းမောင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန။

## ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ
## ဟိုတယ်နှင့် တည်းခိုရိပ်သာ တည်ဆောက်မှုနှင့် ပြုပြင်မွမ်းမံမှုလုပ်ငန်းများ
## ပြုလုပ်မည့်လုပ်ငန်းရှင်ဆောင်ရွက်ရန်အဆိုပြုလွှာ

သို့

ဥက္ကဋ္ဌ
ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ

စာအမှတ်။
ရက်စွဲ ။

ကျွန်တော်/ကျွန်မသည် မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဥပဒေနှင့်အညီ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း ဟိုတယ်နှင့် တည်းခိုရိပ်သာတည်ဆောက်မှုနှင့် ပြုပြင်မွမ်းမံမှု လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်လိုပါသဖြင့် ခွင့်ပြုပါရန် အောက်ပါအချက်အလက်များအား ဖော်ပြလျှောက်ထားအပ်ပါသည် -

၁။ လုပ်ငန်းရှင်၏ -

(က) အမည် ----------------------------------------------

(ခ) အဖအမည် ----------------------------------------------

(ဂ) အမျိုးသားမှတ်ပုံတင်အမှတ် ----------------------------------------------

(ဃ) နိုင်ငံသား ----------------------------------------------

(င) နေရပ်လိပ်စာ ----------------------------------------------
----------------------------------------------

(စ) အဖွဲ့အစည်းအမည်နှင့် လိပ်စာ ----------------------------------------------
----------------------------------------------

(ဆ) လုပ်ငန်းအမျိုးအစား ----------------------------------------------

(ဇ) လုပ်ငန်းတည်နေရာ ----------------------------------------------

၂။ ဖက်စပ်လုပ်ငန်းဖြစ်ပါက လုပ်ငန်းရှင်နှင့် ဖက်စပ်ပြုလုပ်မည့်သူများ၏ -

(က) အမည် ----------------------------------------------

(ခ) အဖအမည် ----------------------------------------------

(ဂ) အမျိုးသားမှတ်ပုံတင်အမှတ် ----------------------------------------------

(ဃ) နိုင်ငံသား ----------------------------------------------

(င) နေရပ်လိပ်စာ ----------------------------------------------

(စ) အဖွဲ့အစည်းအမည် ----------------------------------------------

(ဆ) အဖွဲ့အစည်းတည်ရှိရာအရပ် ----------------------------------------------
----------------------------------------------

(ဇ) လုပ်ငန်းအမျိုးအစား ----------------------------------------------

၃။ တည်ဆောက်မည့်လုပ်ငန်းအမျိုးအစား

(က) ဟိုတယ်လုပ်ငန်း၊----------------------------------------------------------

(ခ) တည်းခိုရိပ်သာလုပ်ငန်း၊----------------------------------------------------

၄။ ဖွဲ့စည်းမည့်စီးပွားရေး အဖွဲ့အစည်းပုံသဏ္ဌာန်

(က) တစ်ဦးတည်းပိုင်၊-----------------------------------------------------------------

(ခ) အစုစပ်လုပ်ငန်း၊---------------------------------------------------------------

(ဂ) ကုမ္ပဏီလီမိတက်၊---------------------------------------------------------------

(ဃ) သမဝါယမ၊--------------------------------------------------------------------

(င) အခြားအဖွဲ့အစည်း၊-------------------------------------------------------------

၅။ ကုမ္ပဏီလီမိတက်အဖြစ် ဖွဲ့စည်းလုပ်ကိုင်လိုပါက -

(က) ခွင့်ပြုမတည်ငွေရင်း၊-----------------------------------------------------------

(ခ) အစုရှယ်ယာအမျိုးအစားများ၊----------------------------------------------------

(ဂ) အစုရှယ်ယာများက ထည့်ဝင်မည့် အစုရှယ်ယာပမာဏ၊--------------------------------
---------------------------------------------------------------------------------

(ဃ) ဒါရိုက်တာအဖွဲ့ဝင်များစာရင်း၊-------------------------------------------------

၆။ သမဝါယမအသင်းအဖြစ်ဖွဲ့စည်းလုပ်ကိုင်လိုပါက အစုဝင်တို့ထည့်ဝင်မည့်အစုငွေအမျိုးအစားနှင့် ပမာဏ
---------------------------------------------------------------------------------

**မှတ်ချက်။** အသင်းဥက္ကဋ္ဌနှင့် အမှုဆောင်အမည်များ၊ အသင်း EC သို့မဟုတ် အသင်းညီလာခံဆုံးဖြတ်ချက် ပူးတွဲဖော်ပြရန်

၇။ လုပ်ငန်းရှင်နှင့်သက်ဆိုင်သောအချက်အလက်များ

(က) မတည်ငွေရင်းပမာဏ -

(၁) ပြည်တွင်းကထည့်ဝင်မည့်ငွေ (ကျပ်သန်းပေါင်း)၊ (ဂဏန်းဖြင့်၊ စာဖြင့်)
------------------------------------------------------------

(၂) နိုင်ငံခြားမှယူဆောင်မည့်ငွေ (ဒေါ်လာသန်းပေါင်း)၊ (ဂဏန်းဖြင့်၊ စာဖြင့်)
------------------------------------------------------------

(၃) စုစုပေါင်းအတည်ငွေရင်းပမာဏ (ကျပ်သန်းပေါင်း)၊ (ဂဏန်းဖြင့်၊ စာဖြင့်)
------------------------------------------------------------

------------------------------------------------------------

မှတ်ချက်။ ။ နိုင်ငံခြားမှယူဆောင်လာမည့်အမေရိကန်ဒေါ်လာကို ကျပ်ငွေ ပြောင်းလဲ၍ စုစုပေါင်းမတည်ငွေရင်းပမာဏတွင် ထည့်သွင်းဖော်ပြရန်။

(ခ) နိုင်ငံခြားငွေစတင်မတည်မည့်ကာလ
---------------------------------------------------------------------------------

(ဂ) ရင်းနှီးမြှုပ်နှံမှုပြုလုပ်သည့် ကာလအပိုင်းအခြား ------------------------------------
---------------------------------------------------------------------------------

(ဃ) နိုင်ငံခြားမှယူဆောင်လာမည့် မတည်ငွေရင်းအသေးစိတ်စာရင်း

(၁) နိုင်ငံခြားငွေ (ညီမျှသည့်ကျပ်ငွေကိုဖော်ပြရန်)

(၂) စက်ပစ္စည်းကိရိယာများ (ပူးတွဲဖော်ပြရန်)

(၃) ကုန်ကြမ်းနှင့် အလားတူပစ္စည်း

(၄) ကျွမ်းကျင်မှုနည်းပညာတန်ဖိုး---------------------------------------------------

(င) ပြည်တွင်းမှထည့်ဝင်မည့်အတည်ငွေရင်းအသေးစိတ်စာရင်း -

ကျပ်ငွေ

(၁) ထည့်ဝင်ငွေပမာဏ

(၂) စက်ပစ္စည်းကိရိယာများ (ပူးတွဲဖော်ပြရန်) ----------------------

(၃) အဆောက်အအုံနှင့် မြေများ ----------------------

(၄) ပရိဘောဂနှင့် လုပ်ငန်းသုံးပစ္စည်းများ ----------------------

(၅) ကုန်ကြမ်းတန်ဖိုး ----------------------

စုစုပေါင်း

----------------------

၈။ လုပ်ငန်းဆောင်ရွက်မည့်အဖွဲ့အစည်း၏လုပ်ငန်းစီမံကိန်းနှင့် သက်ဆိုင်သောအချက်အလက်များ

(က) ဟိုတယ်အသစ်တည်ဆောက်ခြင်း။ ( )

(ခ) တည်ရှိပြီး အဆောက်အအုံတစ်ခုခုကို ပြန်လည်ပြုပြင်မွမ်းမံခြင်း။ ( )

(ဂ) မူလလုပ်ကိုင်နေသည့်ဟိုတယ်/တည်းခိုရိပ်သာလုပ်ငန်းအား လွှဲပြောင်းရယူ၍ ပြန်လည်မွမ်းမံ လုပ်ကိုင်ခြင်း။ ( )

(ဃ) အခြားနည်းလမ်းများ ----------------------------------------------------------

(င) လုပ်ငန်းလုပ်ကိုင်မည့်နေရာဒေသများ----------------------------------------------------------------------------------------------------

(စ) အစိုးရအဖွဲ့အစည်းနှင့် သဘောတူညီမှုအခြေအနေ----------------------------------------------------------------------------------------------------

(ဆ) လုပ်ငန်းတွင်လိုအပ်မည့်လျှပ်စစ်ဓာတ်အား----------------------------------------------------------------------------------------------------

(ဇ) လုပ်ငန်းတွင် လိုအပ်မည့်ရေဂါလန်-----------------------------------------------

(ဈ) လုပ်ငန်းသုံးပစ္စည်းကိရိယာလိုအပ်ချက်----------------------------------------------------------------------------------------------------

[ဘီကြူနှင့်တကွ ခန့်မှန်းကုန်ကျစရိတ်ကို ပူးတွဲဖော်ပြရန်]

၉။ ဆောက်လုပ်မည့်အဆောက်အအုံအတိုင်းအတာနှင့် အရေအတွက် -

(က) မြေနေရာအမျိုးအစားနှင့် အကျယ်အဝန်း-----------------------------------------------

(ခ) အဆောက်အအုံ၏အကျယ်အဝန်း-----------------------------------------------

(ဂ) အထပ်အရေအတွက်-----------------------------------------------

(ဃ) အထပ်လိုက်အခန်းအရေအတွက်-----------------------------------------------

(င) စုစုပေါင်းအခန်းအရေအတွက်-----------------------------------------------

[အဆောက်အအုံပုံစံ၊ ဒီဇိုင်း၊ ဓာတ်ပုံများနှင့်တကွ ပူးတွဲဖော်ပြရန်]

၁၀။ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မည့်အခြေအနေ

(က) စတင်တည်ဆောက်မည့်နေ့ရက်---------------------------------------------------

(ခ) တည်ဆောက်မှုပြီးစီးမည့်နေ့ရက်------------------------------------------------

(ဂ) တည်ဆောက်မှုကြာမြင့်မည့်ကာလ-----------------------------------------------

၁၁။ ရင်းနှီးမြှုပ်နှံလုပ်ကိုင်မည့် အဆောက်အအုံ၊ မြေဧရိယာတို့နှင့်စပ်လျဉ်း၍ ဌာနဆိုင်ရာအဖွဲ့အစည်း၏ သဘောထားမှတ်ချက် -

(က) တိုင်းဒေသကြီး (သို့) ပြည်နယ်အစိုးရအဖွဲ့၏ ထောက်ခံချက် ပါရှိ/မရှိ --------------------

(ခ) မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ထောက်ခံချက် ပါရှိ/မရှိ---------------------

(ဂ) မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ထောက်ခံချက် ပါရှိ/မရှိ-----------------------------

(ဃ) မြေပိုင်ဆိုင်မှု ပါရှိ/မရှိ -------------------------------------------------------

(င) ဆောက်လုပ်မည့်အဆောက်အအုံပုံစံ ပါရှိ/မရှိ---------------------------------------

[သက်ဆိုင်ရာအဖွဲ့အစည်းများ၏ ခွင့်ပြုချက်များ၏ ခွင့်ပြုချက်မိတ္တူမှန်များပူးတွဲဖော်ပြရန်]

၁၂။ မိမိအဖွဲ့တွင်လိုအပ်မည့် ဝန်ထမ်းများစာရင်း -

(က) တည်ဆောက်ရေးလုပ်ငန်း

(၁) ပြည်တွင်းမှလိုအပ်သည့်ဝန်ထမ်း

| | အမျိုးအစား | ဦးရေ |
|---|---|---|
| (កក) | ---------------- | ---------------- |
| (ခခ) | ---------------- | ---------------- |
| (ဂဂ) | ---------------- | ---------------- |
| (ဃဃ) | ---------------- | ---------------- |
| (ငင) | ---------------- | ---------------- |

(၂) ပြည်ပမှလိုအပ်သည့်ကျွမ်းကျင်ဝန်ထမ်းများ

| | အမျိုးအစား | ဦးရေ | ခန့်ထားသည့်ကာလ |
|---|---|---|---|
| (កក) | ---------------- | ---------------- | ---------------- |
| (ခခ) | ---------------- | ---------------- | ---------------- |
| (ဂဂ) | ---------------- | ---------------- | ---------------- |
| (ဃဃ) | ---------------- | ---------------- | ---------------- |
| (ငင) | ---------------- | ---------------- | ---------------- |

၁၃။ စီးပွားရေးတွက်ခြေကိုက်မှုနှင့် စပ်လျဉ်းသောအချက်များ -

| | နိုင်ငံခြားငွေ (ခန့်မှန်း) | ညီမျှသည့်ခန့်မှန်း ကျပ်ငွေ |
|---|---|---|
| (က) နှစ်စဉ်ဝင်ငွေရရှိမှု | -------------------- | -------------------- |
| (ခ) နှစ်စဉ်လုပ်ငန်းကုန်ကျစရိတ် | -------------------- | -------------------- |
| (ဂ) နှစ်စဉ်အသားတင်အမြတ် | -------------------- | -------------------- |
| (ဃ) နှစ်စဉ်အလိုက်ရင်းနှီးမြှုပ်နှံတန်ဖိုး | -------------------- | -------------------- |
| (င) အရင်းကျေကာလ | -------------------- | -------------------- |

၁၄။ အခြားအကျိုးသက်ရောက်မည့်အခြေအနေများ -

(က) ဒေသဖွံ့ဖြိုးတိုးတက်မှု ----------------------------------------

(ခ) အလုပ်အကိုင်အသစ်များပေါ်ပေါက်မှု ----------------------------------------

(ဂ) တစ်ဦးချင်းနှင့် မိသားစုဝင်ငွေတိုးတက်မှု ----------------------------------------

(ဃ) နိုင်ငံတော်၏စီးပွားရေးကိုအထောက်အကူပြုမှု ----------------------------------------

၁၅။ ဤအဆိုပြုချက်နှင့်အတူ တင်ပြရမည့် အထောက်အထားများ -

(က) သဘောတူညီမှုစာချုပ်မိတ္တူမှန်များ

(ခ) လုပ်ငန်းပိုင်းနှင့် ငွေရေးကြေးရေး ပိုင်ဆိုင်မှုအထောက်အထားများ

(ဂ) ကုမ္ပဏီသင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းမိတ္တူများ

လက်မှတ် ----------------------

အမည် ----------------------

မှတ်ပုံတင်အမှတ် ----------------------

ရာထူး ----------------------

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၁၀ ရက်

(၂၀၁၉ ခုနှစ်၊ မတ်လ ၁၅ ရက်)

အမှတ် ၂၁၂/၂၀၁၉ ။ ။ နိုင်ငံတော်သမ္မတ၏လမ်းညွှန်ချက်နှင့်အညီ ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများ/ အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့် အစိုးရအဖွဲ့များတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ ကိစ္စရပ်များအား ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ကို အောက်ဖော်ပြပါ အရာထမ်း/ အမှုထမ်းများဖြင့် ဖွဲ့စည်းလိုက်သည် -

ဦးအောင်ကျော်ဇံ ဥက္ကဋ္ဌ
ဒုတိယအမြဲတမ်းအတွင်းဝန်

(က) **သတင်းစုံစမ်းရေးနှင့် တားဆီးကာကွယ်ရေးအဖွဲ့ (၁)**

| **စဉ်** | **အမည်၊ ရာထူး** | **ဆက်သွယ်ရန်** | **တာဝန်** |
|---|---|---|---|
| (၁) | ဦးအောင်သိမ်းဦး<br>ညွှန်ကြားရေးမှူး | ၀၆၇-၄၁၂၃၃၄<br>branch 1.naypyitaw.myanmar@gmail.com | အဖွဲ့ခေါင်းဆောင် |
| (၂) | ဒေါ်စောယုနွယ်<br>ဒုတိယညွှန်ကြားရေးမှူး | ၀၆၇-၄၁၂၆၅၅<br>sawyunwe.mofa@gmail.com | အဖွဲ့ဝင် |
| (၃) | ဦးအောင်ဇေယျသိမ်း<br>ဌာနခွဲစာရေး | ၀၆၇-၄၁၂၃၄၄<br>aungzayathein@gmail.com | အဖွဲ့ဝင် |

**လုပ်ငန်းတာဝန်များ ။** (၁) ဦးစီးဌာနအလိုက် အဂတိလိုက်စားမှု ဖြစ်နိုင်ခြေရှိသော လုပ်ငန်းဆောင်ရွက်ချက်များ၊ လုပ်ငန်းအခြေအနေများကို ဆန်းစစ်လေ့လာခြင်းနှင့် စိစစ်ဖော်ထုတ်ခြင်း၊

(၂) ဝန်ကြီးဌာန၊ ဝန်ထမ်းများနှင့် သက်ဆိုင်သောတိုင်ကြားစာများကို စိစစ်ဆောင်ရွက်ခြင်း၊

(၃) လေ့လာတွေ့ရှိချက်များကို ဌာနဆိုင်ရာစစ်ဆေးမှုအဖွဲ့ (DE) အဖွဲ့ (၁) ထံသို့ ဆက်လက်သတင်းပေးပို့ခြင်း၊

(၄) အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ အစီအစဉ်နှင့်အညီ လုပ်ငန်းသဘာဝခြင်း တူညီသောအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။

( ခ ) **သတင်းစုံစမ်းရေးနှင့် တားဆီးကာကွယ်ရေးအဖွဲ့ (၂)**

| စဉ် | အမည်၊ ရာထူး | ဆက်သွယ်ရန် | တာဝန် |
|---|---|---|---|
| (၁) | ဦးကျော်စိုးသိန်း<br>ညွှန်ကြားရေးမှူး | ၀၆၇-၄၁၂၅၈၉<br>soemyr@gmail.com | အဖွဲ့ခေါင်းဆောင် |
| (၂) | ဒေါ်ဇာဇာမင်းသော်<br>ဒုတိယညွှန်ကြားရေးမှူး | ၀၆၇-၄၁၂၅၃၂<br>zarzarmt@gmail.com | အဖွဲ့ဝင် |
| (၃) | ဒေါ်မြင့်မြင့်ရီ<br>ရုံးအုပ် | ၀၁-၂၂၁၅၃၁<br>sstdept.mofa@gmail.com | အဖွဲ့ဝင် |

**လုပ်ငန်းတာဝန်များ ။** (၁) မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများ၌ အဂတိလိုက်စားမှုဖြစ်နိုင်ခြေရှိသော လုပ်ငန်းဆောင်ရွက်ချက်များ၊ လုပ်ငန်းအခြေအနေများကို ဆန်းစစ်လေ့လာခြင်းနှင့် စိစစ်ဖော်ထုတ်ခြင်း၊

(၂) မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးဝန်ထမ်းများနှင့် သက်ဆိုင်သော တိုင်ကြားစာများကို စိစစ်ဆောင်ရွက်ခြင်း၊

(၃) လေ့လာတွေ့ရှိချက်များကို ဌာနဆိုင်ရာစစ်ဆေးမှုအဖွဲ့ (DE) (၂) ထံသို့ ဆက်လက်သတင်းပေးပို့ခြင်း၊

(၄) အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ အစီအစဉ်နှင့်အညီ လုပ်ငန်းသဘာဝချင်း တူညီသောအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။

( ဂ ) **ဌာနဆိုင်ရာစစ်ဆေးမှု (DE) အဖွဲ့ (၁)**

| စဉ် | အမည်၊ ရာထူး | ဆက်သွယ်ရန် | တာဝန် |
|---|---|---|---|
| (၁) | ဒေါ်စန္ဒာတင်<br>ညွှန်ကြားရေးမှူး | ၀၁-၂၂၁၅၃၇<br>sandartin@mofa.gov.mm | အဖွဲ့ခေါင်းဆောင် |
| (၂) | ဒေါ်ဆွေမာလှိုင်<br>လက်ထောက်ညွှန်ကြားရေးမှူး | ၀၆၇-၄၁၂၄၉၈<br>swemarhlaing89@gmail.com | အဖွဲ့ဝင် |
| (၃) | ဒေါ်စမ်းစမ်းဝင်း<br>ဌာနခွဲစာရေး | ၀၆၇-၄၁၂၃၉၅<br>mofaprotocol2017@gmail.com | အဖွဲ့ဝင် |

**လုပ်ငန်းတာဝန်များ ။** (၁) သတင်းစုံစမ်းရေးနှင့် တားဆီးကာကွယ်ရေးအဖွဲ့ (၁) မှ ပေးပို့လာသော ကိစ္စရပ်များကို အခြေခံ၍ ဆက်လက်ဆောင်ရွက်ရမည့် အခြေခံစစ်ဆေးမှုများ ဆောင်ရွက်ခြင်း၊

(၂) အဂတိလိုက်စားမှု မှန်ကန်ကြောင်း ပေါ်ပေါက်လာပါက နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများ၊ အဂတိလိုက်စားမှု ဥပဒေများနှင့် အညီ အရေးယူဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများထံသို့ အကြံပြုခြင်း၊

(၃) အဂတိလိုက်စားမှုနှင့်ပတ်သက်သည့် အရေးယူဆောင်ရွက်မှုအခြေအနေများကို ပညာပေး၊ မှတ်တမ်းတင်ရေးနှင့် အစီရင်ခံရေးအဖွဲ့သို့ အစီရင်ခံတင်ပြခြင်း။

(ဃ) **ဌာနဆိုင်ရာစစ်ဆေးမှု (DE) အဖွဲ့ (၂)**

| စဉ် | အမည်၊ ရာထူး | ဆက်သွယ်ရန် | တာဝန် |
|---|---|---|---|
| (၁) | ဦးဇော်နိုင်ဝင်း<br>ညွှန်ကြားရေးမှူး | ၀၆၇-၄၁၂၆၄၅<br>zawwin1965@gmail.com | အဖွဲ့ခေါင်းဆောင် |
| (၂) | ဦးတင်ဝင်းအောင်<br>လက်ထောက်ညွှန်ကြားရေးမှူး | ၀၁-၂၁၂၈၄၀<br>tinwinaungbj@gmail.com | အဖွဲ့ဝင် |
| (၃) | ဒေါ်သန္တာပပဝင်း<br>ဌာနခွဲစာရေး | ၀၆၇-၄၁၂၃၅၄<br>thandapapawin14@gmail.com | အဖွဲ့ဝင် |

**လုပ်ငန်းတာဝန်များ ။**

(၁) သတင်းစုံစမ်းရေးနှင့် တားဆီးကာကွယ်ရေးအဖွဲ့ (၂) မှ ပေးပို့လာသော ကိစ္စရပ်များကို အခြေခံ၍ ဆက်လက်ဆောင်ရွက်ရမည့် အခြေခံစစ်ဆေးမှုများ ဆောင်ရွက်ခြင်း၊

(၂) အဂတိလိုက်စားမှု မှန်ကန်ကြောင်း ပေါ်ပေါက်လာပါက နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများထံသို့ အကြံပြုခြင်း၊

(၃) အဂတိလိုက်စားမှုနှင့် ပတ်သက်သည့် အရေးယူဆောင်ရွက်မှုအခြေအနေများကို ပညာပေး၊ မှတ်တမ်းတင်ရေးနှင့် အစီရင်ခံရေးအဖွဲ့သို့ အစီရင်ခံတင်ပြခြင်း။

(င) **ပညာပေး၊ မှတ်တမ်းတင်ရေးနှင့် အစီရင်ခံရေးအဖွဲ့**

| စဉ် | အမည်၊ ရာထူး | ဆက်သွယ်ရန် | တာဝန် |
|---|---|---|---|
| (၁) | ဦးအောင်ကျော်ဇံ<br>ဒုတိယအမြဲတမ်းအတွင်းဝန် | ၀၆၇-၄၁၂၃၃၅<br>akzan168@gmail.com | အဖွဲ့ခေါင်းဆောင် |
| (၂) | ဦးသက်ဝင်း<br>ညွှန်ကြားရေးမှူး | ၀၆၇-၄၁၂၀၁၂<br>thetwin.amh@gmail.com | အဖွဲ့ဝင် |
| (၃) | ဒေါ်နှင်းဆုမြိုင်<br>ဌာနခွဲစာရေး | ၀၆၇-၄၁၂၃၄၆<br>hninsumyaing@gmail.com | အဖွဲ့ဝင် |

**လုပ်ငန်းတာဝန်များ ။**

(၁) အဂတိလိုက်စားမှုနှင့်ပတ်သက်သည့် ထူးခြားဖြစ်စဉ်များရှိပါက အဖွဲ့၏ ဆောင်ရွက်ချက်များကို ပြည်ထောင်စုဝန်ကြီးနှင့် အမြဲတမ်းအတွင်းဝန်ထံသို့ အစီရင်ခံတင်ပြပြီး နိုင်ငံတော်သမ္မတရုံးသို့ အစီရင်ခံစာပေးပို့တင်ပြခြင်း၊

(၂) အဂတိလိုက်စားမှုနှင့်စပ်လျဉ်းသော တိုင်ကြားမှုများနှင့်ပတ်သက်၍ ဆောင်ရွက်မှုအခြေအနေများအား သတင်းထုတ်ပြန်ခြင်း၊

(၃) ဝန်ကြီးဌာနအတွင်းရှိ ဝန်ထမ်းများနှင့် ပြည်ပသို့သွားရောက် တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းများအား အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့်ပတ်သက်၍ အသိပညာပေးခြင်း၊ ဝန်ကြီး ဌာနအတွင်း ပို့ချသည့် သင်တန်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးကို ဘာသာရပ်တစ်ခုအဖြစ် ထည့်သွင်း၍ သင်ကြားပို့ချနိုင်ရေး ဆောင်ရွက်ခြင်း။

၂။ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အဖွဲ့ (CPU) သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့် အဂတိလိုက်စားမှုပေါ်ပေါက်လာပါက နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ စစ်ဆေးအရေးယူနိုင်ရေးအတွက် သက်ဆိုင်ရာအထက် အဖွဲ့အစည်းများသို့ အကြံပြုတင်ပြခြင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ အခါအားလျော်စွာ ထုတ်ပြန်မည့် ညွှန်ကြားချက်များကို လိုက်နာခြင်း၊ ဖွင့်လှစ်ပို့ချမည့် သင်တန်းများ၊ ပညာပေးဆွေးနွေးပွဲများတွင် ပူးပေါင်းပါဝင်ခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်သည်။

မြင့်သူ၊
အမြဲတမ်းအတွင်းဝန်၊
ပြည်ထောင်စုဝန်ကြီး (ကိုယ်စား)၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရှေ့နေချုပ်ရုံး

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၁၄ ရက်
(၂၀၁၉ ခုနှစ်၊ မတ်လ ၁၉ ရက်)

အမှတ် ၅၅ ။ ။ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ အောက်ဖော်ပြပါ အစမ်းခန့် ဦးစီးအရာရှိ ၃၃ ဦးကို ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည် -

| စဉ် | အမည်၊ ကိုယ်ပိုင်အမှတ် | လက်ရှိရာထူး၊ ရုံး |
|---|---|---|
| ၁။ | ဒေါက်တာနှင်းဦးဝေ<br>ဥ/၃၆၃၃ | ဦးစီးအရာရှိ<br>ဥပဒေများစိစစ်အကြံပြုရေးဌာနခွဲ<br>ဥပဒေများစိစစ်အကြံပြုရေးဦးစီးဌာန<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး |
| ၂။ | ဒေါ်မီကိုဇော်<br>ဥ/၃၆၃၄ | ဦးစီးအရာရှိ<br>အပြည်ပြည်ဆိုင်ရာဥပဒေနှင့် အာဆီယံ<br>ဥပဒေရေးရာဌာနခွဲ<br>ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး |
| ၃။ | ဒေါ်အိမွန်စိုး<br>ဥ/၃၆၃၅ | ဦးစီးအရာရှိ<br>တရားမဆိုင်ရာအမှုလိုက်ဌာနခွဲ<br>တရားစွဲနှင့် အမှုလိုက်ဦးစီးဌာန<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး |

| စဉ် | အမည်၊ ကိုယ်ပိုင်အမှတ် | လက်ရှိရာထူး၊ ရုံး |
|---|---|---|
| ၄။ | ဒေါ်လွှမ်းအိ<br>ဉ/၃၆၃၆ | ဦးစီးအရာရှိ<br>စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ<br>ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး |
| ၅။ | ဒေါ်သဇင်မွေး<br>ဉ/၃၆၃၇ | ဦးစီးအရာရှိ<br>နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊<br>အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့်<br>လုပ်ထုံးလုပ်နည်းများစိစစ်အကြံပြုရေးဌာနခွဲ<br>ဥပဒေများစိစစ်အကြံပြုရေးဦးစီးဌာန<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး |
| ၆။ | ဒေါ်ငြိမ်းငြိမ်းအောင်<br>ဉ/၃၆၃၈ | ဦးစီးအရာရှိ<br>လေ့ကျင့်နှင့် သုတေသနဌာနခွဲ<br>စီမံရေးရာဦးစီးဌာန<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး |
| ၇။ | ဒေါ်ပိုးဒါလီသင်းအောင်နိုင်<br>ဉ/၃၆၃၉ | ဦးစီးအရာရှိ<br>လေ့ကျင့်နှင့် သုတေသနဌာနခွဲ<br>စီမံရေးရာဦးစီးဌာန<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး |
| ၈။ | ဒေါ်ဇာဇာထွန်း<br>ဉ/၃၆၄၀ | ဦးစီးအရာရှိ<br>လေ့ကျင့်နှင့် သုတေသနဌာနခွဲ<br>စီမံရေးရာဦးစီးဌာန<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး |
| ၉။ | ဒေါ်သန္တာဆွေ<br>ဉ/၃၆၄၁ | ဦးစီးအရာရှိ<br>တရားမဆိုင်ရာအမှုလိုက်ဌာနခွဲ<br>တရားစွဲနှင့် အမှုလိုက်ဦးစီးဌာန<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး |
| ၁၀။ | ဒေါ်ဆုမွန်သူ<br>ဉ/၃၆၄၂ | ဦးစီးအရာရှိ<br>နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊<br>အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့်<br>လုပ်ထုံးလုပ်နည်းများစိစစ်အကြံပြုရေးဌာနခွဲ<br>ဥပဒေများစိစစ်အကြံပြုရေးဦးစီးဌာန<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး |
| ၁၁။ | ဒေါ်ခင်စန္ဒီထွန်း<br>ဉ/၃၆၄၃ | ဦးစီးအရာရှိ<br>ဥပဒေများစိစစ်အကြံပြုရေးဌာနခွဲ<br>ဥပဒေများစိစစ်အကြံပြုရေးဦးစီးဌာန<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး |
| ၁၂။ | ဒေါ်ရတနာဝင်း<br>ဉ/၃၆၄၄ | ဦးစီးအရာရှိ<br>နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊<br>အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့်<br>လုပ်ထုံးလုပ်နည်းများစိစစ်အကြံပြုရေးဌာနခွဲ<br>ဥပဒေများစိစစ်အကြံပြုရေးဦးစီးဌာန<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး |

| စဉ် | အမည်၊ ကိုယ်ပိုင်အမှတ် | လက်ရှိရာထူး၊ ရုံး |
|---|---|---|
| ၁၃။ | ဒေါ်နွယ်နီဝင်း<br>ဉ/၃၆၄၅ | ဦးစီးအရာရှိ<br>အထွေထွေဥပဒေအကြံဉာဏ်ပေးရေးဌာနခွဲ<br>ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး |
| ၁၄။ | ဒေါ်သဉ္ဇာဦး<br>ဉ/၃၆၄၆ | ဦးစီးအရာရှိ<br>အပြည်ပြည်ဆိုင်ရာဥပဒေနှင့် အာဆီယံ<br>ဥပဒေရေးရာဌာနခွဲ<br>ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး |
| ၁၅။ | ဒေါ်သဲသဲဇာခြည်ဦး<br>ဉ/၃၆၄၇ | ဦးစီးအရာရှိ<br>အပြည်ပြည်ဆိုင်ရာဥပဒေနှင့် အာဆီယံ<br>ဥပဒေရေးရာဌာနခွဲ<br>ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး |
| ၁၆။ | ဦးဇေယျာအောင်<br>ဉ/၃၆၄၈ | ဦးစီးအရာရှိ<br>နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊<br>အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့်<br>လုပ်ထုံးလုပ်နည်းများစိစစ်အကြံပြုရေးဌာနခွဲ<br>ဥပဒေများစိစစ်အကြံပြုရေးဦးစီးဌာန<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး |
| ၁၇။ | ဒေါ်ငိုင်းအွယ်<br>ဉ/၃၆၄၉ | ဦးစီးအရာရှိ<br>စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ<br>ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး |
| ၁၈။ | ဒေါ်ခင်သီရိမွန်<br>ဉ/၃၆၅၀ | ဦးစီးအရာရှိ<br>အပြည်ပြည်ဆိုင်ရာဥပဒေနှင့် အာဆီယံ<br>ဥပဒေရေးရာဌာနခွဲ<br>ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး |
| ၁၉။ | ဒေါ်ဇာဇာထွန်း<br>ဉ/၃၆၅၁ | ဦးစီးအရာရှိ<br>စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ<br>ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး |
| ၂၀။ | ဒေါ်ခင်ရတနာစိုးကျော်<br>ဉ/၃၆၅၂ | ဦးစီးအရာရှိ<br>ဥပဒေများစိစစ်အကြံပြုရေးဌာနခွဲ<br>ဥပဒေများစိစစ်အကြံပြုရေးဦးစီးဌာန<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး |
| ၂၁။ | ဒေါ်တင်ဇာမြင့်<br>ဉ/၃၆၅၃ | ဦးစီးအရာရှိ<br>ဖွဲ့စည်းပုံအခြေခံဥပဒေရေးရာဌာနခွဲ<br>ဥပဒေများစိစစ်အကြံပြုရေးဦးစီးဌာန<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး |

| စဉ် | အမည်၊ ကိုယ်ပိုင်အမှတ် | လက်ရှိရာထူး၊ ရုံး |
|---|---|---|
| ၂၂။ | ဒေါ်ညိုညိုလှိုင်<br>ဥ/၃၆၅၄ | ဦးစီးအရာရှိ<br>စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ<br>ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး |
| ၂၃။ | ဒေါ်စုသက်ပိုင်ဦး<br>ဥ/၃၆၅၅ | ဦးစီးအရာရှိ<br>ဥပဒေများစိစစ်အကြံပြုရေးဌာနခွဲ<br>ဥပဒေများစိစစ်အကြံပြုရေးဦးစီးဌာန<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး |
| ၂၄။ | ဒေါ်ဆုမြတ်မြတ်စိုး | ဦးစီးအရာရှိ<br>ဥပဒေဘာသာပြန်ဌာနခွဲ<br>ဥပဒေများစိစစ်အကြံပြုရေးဦးစီးဌာန<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး |
| ၂၅။ | ဒေါ်မို့မို့စံ | ဦးစီးအရာရှိ<br>ဥပဒေဘာသာပြန်ဌာနခွဲ<br>ဥပဒေများစိစစ်အကြံပြုရေးဦးစီးဌာန<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး |
| ၂၆။ | ဦးအောင်ချမ်းငြိမ်း | ဦးစီးအရာရှိ<br>ဥပဒေဘာသာပြန်ဌာနခွဲ<br>ဥပဒေများစိစစ်အကြံပြုရေးဦးစီးဌာန<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး |
| ၂၇။ | ဦးစံဇာနည်အောင် | ဦးစီးအရာရှိ<br>ဥပဒေဘာသာပြန်ဌာနခွဲ<br>ဥပဒေများစိစစ်အကြံပြုရေးဦးစီးဌာန<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး |
| ၂၈။ | ဒေါ်နွေစုအောင် | ဦးစီးအရာရှိ<br>သတင်းအချက်အလက်နည်းပညာဌာနခွဲ<br>စီမံရေးရာဦးစီးဌာန<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး |
| ၂၉။ | ဒေါ်ဂျူးသက်ချယ်စိုး | ဦးစီးအရာရှိ<br>သတင်းအချက်အလက်နည်းပညာဌာနခွဲ<br>စီမံရေးရာဦးစီးဌာန<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး |
| ၃၀။ | ဒေါ်ဝတ်ရည်အောင် | ဦးစီးအရာရှိ<br>သတင်းအချက်အလက်နည်းပညာဌာနခွဲ<br>စီမံရေးရာဦးစီးဌာန<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး |
| ၃၁။ | ဒေါ်နွေးသန္တာအောင် | ဦးစီးအရာရှိ<br>သတင်းအချက်အလက်နည်းပညာဌာနခွဲ<br>စီမံရေးရာဦးစီးဌာန<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး |

| စဉ် | အမည်၊ ကိုယ်ပိုင်အမှတ် | လက်ရှိရာထူး၊ ရုံး |
|---|---|---|
| ၃၂။ | ဒေါ်စန်းစန်းဝင်း | ဦးစီးအရာရှိ<br>သတင်းအချက်အလက်နည်းပညာဌာနခွဲ<br>စီမံရေးရာဦးစီးဌာန<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး |
| ၃၃။ | ဒေါ်ခင်ချစ်ဆုနိုင် | ဦးစီးအရာရှိ<br>သတင်းအချက်အလက်နည်းပညာဌာနခွဲ<br>စီမံရေးရာဦးစီးဌာန<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး |

ထွန်းထွန်းဦး
ပြည်ထောင်စုရှေ့နေချုပ်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရှေ့နေချုပ်ရုံး

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်
(၂၀၁၉ ခုနှစ်၊ မတ်လ ၂၂ ရက်)

အမှတ် ၅၆ ။ ။ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၇ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် (၇၈) အရ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့ နံနက်ပိုင်းမှ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၈ ရက်နေ့ ညနေပိုင်းအထိ အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုရန် လျှောက်ထားခြင်းကို ငြင်းပယ်ထားသော ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ တရားစွဲနှင့် အမှုလိုက်ဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဒေါ်ဌေးဌေးလွင် ဥ/၁၆၅၁ အား အဆိုပါ ငြင်းပယ်ထားသော အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၉ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့ နံနက်ပိုင်းမှ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့ ညနေပိုင်းအထိ ပျမ်းမျှလစာဖြင့် ခံစားခွင့်ပြုလိုက်သည်။ အဆိုပါ ခွင့်ကုန်ဆုံးပြီးနောက် ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၉ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုရှေ့နေချုပ်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရှေ့နေချုပ်ရုံး

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်
(၂၀၁၉ ခုနှစ်၊ မတ်လ ၂၅ ရက်)

အမှတ် ၅၇ ။ ။ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ နှင့် နည်းဥပဒေ ၈၉ တို့အရ တနင်္သာရီတိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ တိုင်းဒေသကြီးဥပဒေအရာရှိ (ညွှန်ကြားရေးမှူး) ဦးအောင်သျှန် (ဥ/၂၂၅၀) အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၉ ခုနှစ်၊ မေလ ၁၀ ရက်နေ့ နံနက်ပိုင်းမှ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်နေ့ ညနေပိုင်းအထိ ပျမ်းမျှလစာဖြင့်

ခံစားခွင့်ပြုလိုက်သည်။ အဆိုပါ ခွင့်ကုန်ဆုံးပြီးနောက် ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုရှေ့နေချုပ်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နေပြည်တော်ကောင်စီ**

**ရုံးအမိန့်အမှတ် (၈/၂၀၁၉)**

၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၉ ရက်
(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်)

**ကိုယ်ရေးအရာရှိခန့်အပ်ခြင်း**

၁။ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၆ ရက်စွဲပါ အမိန့်အမှတ်၊ (၃၄/၂၀၁၆) ဖြင့် ခန့်အပ်ခဲ့သော နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန် ၏ ကိုယ်ရေးအရာရှိရာထူးနေရာ၌ နေပြည်တော် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အငယ်တန်းစာရေး၊ ဦးအေးကိုကိုထူး (ထ/၁၂၄၈၉၁)၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ် [၁၂/ဒဂတ (နိုင်) ၀၄၅၅၅၈] အား နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့်အဆောင်အယောင်များဆိုင်ရာဥပဒေနှင့်အညီ အမှန်တကယ် အလုပ်ဝင်ရောက်သည့်ရက်မှစ၍ ခန့်ထားလိုက်သည်။

၂။ လစာနှုန်းထားမှာ အမြင့်ဆုံးလစာငွေ (၂၉၅,၀၀၀/-) ကို ခံစားခွင့်ပြုလိုက်သည်။

ဒေါက်တာမျိုးအောင်
ဥက္ကဋ္ဌ
နေပြည်တော်ကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နေပြည်တော်ကောင်စီ**

**ရုံးအမိန့်အမှတ် (၁၀/၂၀၁၉)**

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၁၀ ရက်
(၂၀၁၉ ခုနှစ်၊ မတ်လ ၁၅ ရက်)

**နေပြည်တော်ကောင်စီအတွင်းရေးမှူး တာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၅/၂၀၁၉) ဖြင့် ကယားပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ နေပြည်တော် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အုပ်ချုပ်ရေးမှူးအဖြစ် ပြောင်းရွှေ့တာဝန်ချထားခြင်းခံရသော ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဝင်း (ပ/၃၁၉၄) အား နေပြည်တော်ကောင်စီဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (ဂ) အရ ၂၀၁၉ ခုနှစ်၊ မတ်လ ၁၁ ရက်နေ့ ညနေပိုင်းမှစ၍ နေပြည်တော်ကောင်စီအတွင်းရေးမှူး တာဝန် ထမ်းဆောင်စေလိုက်သည်။

ဒေါက်တာမျိုးအောင်
ဥက္ကဋ္ဌ
နေပြည်တော်ကောင်စီ

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

| ရန်ကုန်မြို့ | ၁၃၈၁ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၁ ရက်<br>( ၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၈ ရက် ) | **သောကြာနေ့** |
|---|---|---|

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၂

### စစ်ရာထူးခန့်ချုပ်ရုံး
### (ကြည်းတပ်ဌာနစု)

၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၅ ရက်
(၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၄ ရက်)

အမှတ် ၅၃/၂၀၁၉ ။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၉၅) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါ နေ့ရက်များမှ အစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

| | | | |
|---|---|---|---|
| (၁) | ဝင်းအောင် | ကြည်း ၇၄၆၀၅ | ၂၀-၂-၂၀၁၉ |
| (၂) | ကြည်မောင်ဝင်း | ကြည်း ၇၄၆၀၆ | ၂၀-၂-၂၀၁၉ |
| (၃) | မြတ်စိုး | ကြည်း ၇၄၆၀၇ | ၂၀-၂-၂၀၁၉ |
| (၄) | လတ်လွင် | ကြည်း ၇၄၆၀၈ | ၂၀-၂-၂၀၁၉ |
| (၅) | ကိုကိုနိုင် | ကြည်း ၇၄၆၀၉ | ၂၀-၂-၂၀၁၉ |
| (၆) | ရဲဝင်း | ကြည်း ၇၄၆၁၀ | ၂၀-၂-၂၀၁၉ |
| (၇) | အေးသန်း | ကြည်း ၇၄၆၁၁ | ၂၀-၂-၂၀၁၉ |
| (၈) | မောင်ပြုံး | ကြည်း ၇၄၆၁၂ | ၂၀-၂-၂၀၁၉ |
| (၉) | ရွှေအေး | ကြည်း ၇၄၆၁၃ | ၂၀-၂-၂၀၁၉ |
| (၁၀) | သက်ဦး | ကြည်း ၇၄၆၁၄ | ၂၀-၂-၂၀၁၉ |
| (၁၁) | ဝင်းမောင် | ကြည်း ၇၄၆၁၅ | ၂၀-၂-၂၀၁၉ |
| (၁၂) | ရွှေခ | ကြည်း ၇၄၆၁၆ | ၂၀-၂-၂၀၁၉ |
| (၁၃) | သန်းအောင် | ကြည်း ၇၄၆၁၇ | ၂၀-၂-၂၀၁၉ |
| (၁၄) | တင်မြတ် | ကြည်း ၇၄၆၁၈ | ၂၀-၂-၂၀၁၉ |

| | | | |
|---|---|---|---|
| (၁၅) | မင်းလွင် | ကြည်း ၇၄၆၁၉ | ၂၁-၂-၂၀၁၉ |
| (၁၆) | လှကြိုင် | ကြည်း ၇၄၆၂၀ | ၂၁-၂-၂၀၁၉ |
| (၁၇) | လှရွှေ | ကြည်း ၇၄၆၂၁ | ၂၁-၂-၂၀၁၉ |
| (၁၈) | မြင့်ဆွေ | ကြည်း ၇၄၆၂၂ | ၂၁-၂-၂၀၁၉ |
| (၁၉) | ဝင်းနိုင် | ကြည်း ၇၄၆၂၃ | ၂၁-၂-၂၀၁၉ |
| (၂၀) | သန်းလင်း | ကြည်း ၇၄၆၂၄ | ၂၁-၂-၂၀၁၉ |
| (၂၁) | သိန်းထိုက် | ကြည်း ၇၄၆၂၅ | ၂၁-၂-၂၀၁၉ |
| (၂၂) | ခင်မောင်ညွန့် | ကြည်း ၇၄၆၂၆ | ၂၁-၂-၂၀၁၉ |
| (၂၃) | လှသိန်း | ကြည်း ၇၄၆၂၇ | ၂၁-၂-၂၀၁၉ |
| (၂၄) | သိန်းဟန် | ကြည်း ၇၄၆၂၈ | ၂-၄-၂၀၁၉ |
| (၂၅) | နေဝင်း | ကြည်း ၇၄၆၂၉ | ၉-၄-၂၀၁၉ |
| (၂၆) | ချစ်ငွေ | ကြည်း ၇၄၆၃၀ | ၁၂-၄-၂၀၁၉ |
| (၂၇) | နိုင်ဦး | ကြည်း ၇၄၆၃၁ | ၁၃-၄-၂၀၁၉ |
| (၂၈) | အောင်စိုး | ကြည်း ၇၄၆၃၂ | ၁၇-၄-၂၀၁၉ |
| (၂၉) | နေလင်း | ကြည်း ၇၄၆၃၃ | ၂၀-၄-၂၀၁၉ |

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီးလူအေး၊
စစ်ရာထူးခန့်ချုပ်၊
စစ်ရာထူးခန့်ချုပ်ရုံး။

## ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်
(၂၀၁၉ ခုနှစ်၊ မေလ ၁၇ ရက်)

အမှတ် ၄ ။ ။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဝန်ကြီးရုံး၌ ၂၀၁၉ ခုနှစ်၊ မေလ ၁၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော ဝန်ကြီးဌာနစီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၅/၂၀၁၉) ခွင့်ပြုချက်အရ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ရုံးချုပ်မှ ညွှန်ကြားရေးမှူး ဦးကြည်လင်း အား သက်ပြည့်အငြိမ်းစား မယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ-၈၁ အရ ပျမ်းမျှလစာဖြင့် ၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၅ ရက်နေ့မှစ၍ ခံစားခွင့်ပြုလိုက်သည်။ အဆိုပါ ခွင့်ကုန်ဆုံးသည့် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ-၂၃၃ (က) အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

သိန်းဌေးဦး၊
ညွှန်ကြားရေးမှူးချုပ်၊
ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန။

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

### အမိန့်ကြော်ငြာစာ (၂၉/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်

(၂၀၁၉ ခုနှစ်၊ မေလ ၁၇ ရက်)

နေပြည်တော်၊ ဥတ္တရခရိုင်၊ ပုဗ္ဗသီရိမြို့နယ်၊ သပြေစမ်းကျေးရွာအုပ်စု၊ မြေတိုင်းရပ်ကွက်အမှတ်/အမည်-၁၈ က/သပြေစမ်းရပ်၊ မြေကွက်အမှတ် (B-၂၇)၊ မြေဧရိယာ (၃၉. ၀၀) ဧကအား **ချမ်းမြေ့ဝဂ်ဝေ သီလရှင်ဗုဒ္ဓတက္ကသိုလ်** သာသနာမြေအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံမြေနှင့် အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

### အမိန့်ကြော်ငြာစာ (၃၁/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်

(၂၀၁၉ ခုနှစ်၊ မေလ ၂၇ ရက်)

မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ မုဒုံမြို့နယ်၊ တံခွန်တိုင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်-၈၆၉ က/တံခွန်တိုင်ရွာကွင်း၊ မြေကွက်အမှတ် (၇၄၈)၊ **မြေဧရိယာ (၁. ၀၀) ဧက** အား **အောင်ချမ်းသာဘုန်းတော်ကြီးကျောင်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံမြေနှင့် အခွန်နည်းဥပဒေ - ၃၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

### အမိန့်ကြော်ငြာစာ (၃၂/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်

(၂၀၁၉ ခုနှစ်၊ မေလ ၃၀ ရက်)

ရှမ်းပြည်နယ်၊ လားရှိုးခရိုင်၊ လားရှိုးမြို့၊ အမှတ် (၁) ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည်-၁၁/ဇ-ဗျူဟာလမ်းရပ်၊ ဦးပိုင်အမှတ်-၂၁ ရှိ မြေဧရိယာ **၀. ၂၃၀ ဧက** အား **အေးရတနာ သီလရှင်စာသင်တိုက်** သာသနာမြေအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံမြေနှင့် အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

### အမိန့်ကြော်ငြာစာ (၃၃/၂၀၁၉)

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ တောင်သာမြို့နယ်၊ ကျောက္ကာကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်-၁၁၀၀/ကျောက်ကာမြောက်ကွင်း၊ ဦးပိုင်အမှတ် (၉၀/၁)၊ မြေဧရိယာ **(၁၃. ၅၄) ဧက** အား **အကျွတ်အလွတ်တောရကျောင်း** သာသနာမြေအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံမြေနှင့် အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

### အမိန့်ကြော်ငြာစာ (၃၄/၂၀၁၉)

ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်၊ ချီဖွေမြို့၊ ရစ်လော်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည်-OSS-၁၀/ရစ်လော်ရပ်ကွက်၊ ဦးပိုင်အမှတ်-၂၂ ရှိ မြေဧရိယာ **၀. ၄၅၈ ဧက** အား **လော်ဝေါ်နှစ်ခြင်းအသင်းတော်** သာသနာမြေအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံမြေနှင့် အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

မြင့်သန်း၊
ညွှန်ကြားရေးမှူးချုပ်၊
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

## သစ်တောဦးစီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၇၈၀/၂၀၁၉)

၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက်

(၂၀၁၉ ခုနှစ်၊ မေလ ၁၄ ရက်)

၁။ ၂၀၁၉ ခုနှစ်၊ မေလ ၆ ရက်နေ့တွင် ကျင်းပသော သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ စီမံခန့်ခွဲမှုကော်မတီ၏ (၁၃/၂၀၁၉) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ ၂၀၁၈ ခုနှစ်၊ သစ်တောဥပဒေပုဒ်မ ၁၄ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပုဂ္ဂလိကသစ်တောစိုက်ခင်း အမျိုးအစားနှင့် စိုက်ခင်းအမျိုးအစားအလိုက် အပင်အမျိုးအမည်များကို အောက်ပါအတိုင်း ပြင်ဆင် သတ်မှတ်ကြောင်း ကြေညာလိုက်သည် -

**(က) ပုဂ္ဂလိကသစ်တောစိုက်ခင်းအမျိုးအစားများအား အမည်ပြင်ဆင်သတ်မှတ်ခြင်း**

| စဉ် | လက်ရှိ ပုဂ္ဂလိကစိုက်ခင်းအမျိုးအစား | ပြင်ဆင်မည့် ပုဂ္ဂလိက သစ်တောစိုက်ခင်းအမျိုးအစား |
|---|---|---|
| ၁ | ပုဂ္ဂလိကကျွန်း | ပုဂ္ဂလိကကျွန်းစိုက်ခင်း |
| ၂ | ပုဂ္ဂလိကသစ်မာမျိုးစုံ | ပုဂ္ဂလိကသစ်မာစိုက်ခင်း |
| ၃ | ပုဂ္ဂလိကရော်ဘာ | ပုဂ္ဂလိကစက်မှုကုန်ကြမ်းစိုက်ခင်း |
| ၄ | ပုဂ္ဂလိကဆီအုန်း | |
| ၅ | ပုဂ္ဂလိကစက်မှုကုန်ကြမ်း | |
| ၆ | ပုဂ္ဂလိကအခြား | ပုဂ္ဂလိကနှစ်ရှည်စိုက်ခင်း |

**(ခ) ပုဂ္ဂလိကသစ်တောစိုက်ခင်းအမျိုးအစားအလိုက် အပင်အမျိုးအမည်သတ်မှတ်ခြင်း**

| စဉ် | ပုဂ္ဂလိကသစ်တောစိုက်ခင်း အမျိုးအစား | အပင်အမျိုးအမည် |
|---|---|---|
| (၁) | ပုဂ္ဂလိကကျွန်းစိုက်ခင်း | ကျွန်း |
| (၂) | ပုဂ္ဂလိကသစ်မာစိုက်ခင်း | ကျွန်းမှအပ သစ်မျိုးစုံ |
| (၃) | ပုဂ္ဂလိကစက်မှုကုန်ကြမ်းစိုက်ခင်း | စက်မှုကုန်ကြမ်းအတွက် ရည်ရွယ်ချက်ဖြင့် စိုက်ပျိုးသည့် အပင်မျိုးများ (ရော်ဘာ၊ ဆီအုန်း၊ ကြံ၊ သီဟိုဠ်၊ ပီလောပီနံ၊ ကော်ဖီ၊ ဝါး၊ လျှော်ဖြူ၊ မက္ကဒေးမီးယား ......စသည့်) |
| (၄) | ပုဂ္ဂလိကနှစ်ရှည်စိုက်ခင်း | နှစ်ရှည် သီးပင်စားပင်များ |

၂။ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၏ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် (၇၆၁/၂၀၁၇)၊ အပိုဒ် (၁)၊ အပိုဒ်ခွဲ (က) အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဒေါက်တာညီညီကျော်၊
ညွှန်ကြားရေးမှူးချုပ်၊
သစ်တောဦးစီးဌာန။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၁ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၁ ရက် ( ၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၈ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

### ညီညွတ်မှုသံစဉ်အပြည်ပြည်ဆိုင်ရာ ကုမ္ပဏီလီမိတက်
### (HARMONIOUS UNITY INTERNATIONAL COMPANY LIMITED)

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ-၃၄၈ အရ
ကုမ္ပဏီတွင်ပါဝင်သူများက ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းခြင်း

(က) ၂၀၁၉ ခုနှစ်၊ ဇွန်လ (၂၁) ရက်နေ့တွင် ကုမ္ပဏီရုံးခန်းတွင် ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၏ အထွေထွေအစည်းအဝေးမှ အောက်ပါအတိုင်း အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပြီးဖြစ်ပါသည်။

(၁) **ညီညွတ်မှုသံစဉ်အပြည်ပြည်ဆိုင်ရာ ကုမ္ပဏီလီမိတက် (HARMONIOUS UNITY INTERNATIONAL COMPANY LIMITED)** အား (၂၁-၆-၂၀၁၉) ရက်နေ့မှစ၍ ကုမ္ပဏီတွင်ပါဝင်သူများ၏ ဆန္ဒအလျောက် ဖျက်သိမ်းရန် ဆုံးဖြတ်ကြပါသည်။

(၂) ကုမ္ပဏီသည် ကိစ္စရပ်များအား စာရင်းရှင်းလင်းဖျက်သိမ်းရန်နှင့် ကုမ္ပဏီ၏ ရရန်ပိုင်ခွင့်များအား ခွဲဝေပေးရန်အတွက် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများ အဖြစ် ခန့်အပ်ကြပါသည်။

ဦးအီးနုစ် (တရားလွှတ်တော်ရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
YE NOOS & ASSOCIATES (Law Firm)

ဒေါ်မိုးမိုးအေး
(B.Com, Dip I.F.R, Diploma in Business Law)
တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ်-၁၇၆ (ပထမထပ်)၊ ဗိုလ်တထောင်ဘုရားလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၆၁၃၂၊ ၃၉၇၂၃၄၊ ၃၉၇၂၃၅

(ခ) **ညီညွတ်မှုသံစဉ်အပြည်ပြည်ဆိုင်ရာ ကုမ္ပဏီလီမိတက် (HARMONIOUS UNITY INTERNATIONAL COMPANY LIMITED)** မှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ (၂၁) ရက်နေ့ကို နောက်ဆုံးထား၍ အထက်ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

U Nyi Nyi Naing
Managing Director
Harmonious Unity International Co.,Ltd

**Universal Consumer Goods Co., Ltd**

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ ၃၄၈ အရ

ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းမည်ဖြစ်ကြောင်း ကြေညာချက်

၁။ အထက်ဖော်ပြပါ ကုမ္ပဏီလီမိတက်အစုရှင်များ၏ ၂၆-၆-၂၀၁၉ ရက်နေ့က ကျင်းပပြုလုပ်သော ဤကုမ္ပဏီ၏ အထွေထွေအစည်းအဝေး၏ အထူးဆုံးဖြတ်ချက်အရ ကုမ္ပဏီလီမိတက်အား စာရင်းရှင်းလင်းဖျက်သိမ်းရန်နှင့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးခင်ဝင်း (ဥပဒေအကျိုးဆောင် စဥ်-၂၆၅၇) အား ခန့်အပ်ရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။

၂။ သို့အတွက် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ဦးခင်ဝင်းထံသို့ ကုမ္ပဏီ၏မြီရှင်များသည် မိမိတို့၏ ကြွေးမြီတောင်းခံလွှာများကို ၂၈-၇-၂၀၁၉ ရက်နေ့ နောက်ဆုံးထားကာ သက်သေပြစာရွက်စာတမ်း အထောက်အထားများနှင့်တကွ တင်ပြတောင်းခံနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

U Aung Moe Kyaw
Managing Director
Universal Consumer Goods Co.,Ltd

ဦးခင်ဝင်း
[B.A, H.G.P., R.L., D.B.L, D.I.L, D.M.L
P.G.D.I.T (New Delhi); D:Jap; M.P.A, M.A (B.L)]
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

(ရုံး) အမှတ်-၁၇၅ (ပထမထပ်-ဝဲ)၊ ၄၈ လမ်း (အထက်လမ်း)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉၅၀၀၈၅၈၃

**အိမ်မဲရော ဆန်စပါးရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်**

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ ၃၄၈ အရ

ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းမည်ဖြစ်ကြောင်း ကြေညာချက်

၁။ အထက်ဖော်ပြပါ ကုမ္ပဏီလီမိတက်အစုရှင်များ၏ ၂၆-၆-၂၀၁၉ ရက်နေ့က ကျင်းပပြုလုပ်သော အစုရှင်များ၏ အစည်းအဝေး အထူးဆုံးဖြတ်ချက်အရ ဤကုမ္ပဏီလီမိတက်အား စာရင်းရှင်းလင်းဖျက်သိမ်းရန်နှင့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးခင်ဝင်း (ဥပဒေအကျိုးဆောင် စဥ်-၂၆၅၇) အား ခန့်အပ်ရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။

၂။ သို့အတွက် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ဦးခင်ဝင်းထံသို့ ကုမ္ပဏီ၏မြီရှင်များသည် မိမိတို့၏ ကြွေးမြီတောင်းခံလွှာများကို ၂၈-၇-၂၀၁၉ ရက်နေ့ နောက်ဆုံးထားကာ သက်သေပြစာရွက်စာတမ်း အထောက်အထားများနှင့်တကွ တင်ပြတောင်းခံနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

Win Pe
Managing Director
Einme Ayar Rice & Paddy Trading Co., Ltd

(ရုံးခန်း) အမှတ်-၁၇၅ (ပထမထပ်)၊ ၄၈ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉၅၀၀၈၅၈၃

**ထရေ့(ဒ်)အမေးဇင်း(င်)ကုမ္ပဏီလီမိတက်**

**(TRADE AMAZING COMPANY LIMITED)**

အစုရှင်များ၏ဆန္ဒအရ နောက်ဆုံးအပြီးသတ် အစည်းအဝေးဖိတ်ကြားခြင်း

**TRADE AMAZING COMPANY LIMITED** ၏ နောက်ဆုံးအပြီးသတ်အစည်းအဝေးကို (၁၂-၇-၂၀၁၉) ရက်နေ့ နံနက် (၉း၀၀) နာရီတွင် အမှတ် (၅၈၄/ဘီ-၄)၊ ၂၅ ရပ်ကွက်၊ တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၌ နောက်ဆုံးအပြီးသတ်အစည်းအဝေး ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစုရှင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းကို တင်ပြကာ ကုမ္ပဏီအား အပြီးသတ် ဖျက်သိမ်းသွားမည်ဖြစ်ပါသည်။

KYAWT MG

[B.A.,CPA.,R.A.,I.C.M.A.,PART II (LONDON)]

Certified Public Accountant & Auditor

**အမ် (စ်) အက်စ်အန်နယ်လယ်တီကယ် ကုမ္ပဏီလီမိတက်**

**(MS ANALYTICAL COMPANY LIMITED)**

**အစုရှင်များ၏ဆန္ဒအရ နောက်ဆုံးစာရင်းရှင်းလင်းဖျက်သိမ်းခြင်း**

၂၀၁၉ ခုနှစ်၊ ဇွန်လ (၁၉) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ နောက်ဆုံးအစည်းအဝေးဆုံးဖြတ်ချက်အရ **အမ် (စ်) အက်စ်အန်နယ်လယ်တီကယ် ကုမ္ပဏီလီမိတက် (MS ANALYTICAL CO., LTD)** အား (၁၉. ၆. ၂၀၁၉) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်း ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်ဝင်းအိဖြူ (B.Com, CPA) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိမှ ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၁၉ ခုနှစ်၊ ဇွန်လ (၂၈) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းများ ပြုလုပ်ပြီးဖြစ်ပါ၍ MS ANALYTICAL CO., LTD အပြီးဖျက်သိမ်းပြီးဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ဝင်းအိဖြူ

(B.Com, CPA)

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## အကောင်းဆုံးကံကောင်းခြင်း ကျောက်မျက်ရတနာကုမ္ပဏီလီမိတက်

## (SUPER LUCKY GEMS & JEWELLERY COMPANY LIMITED)

ကုမ္ပဏီတရားဝင် ဖျက်သိမ်းခြင်း

၂၀၁၉ ခုနှစ်၊ ဇွန်လ (၂၅) ရက်နေ့တွင် ကျင်းပသော အစုရှင်များ၊ ဒါရိုက်တာများအားလုံး တက်ရောက်သည့် အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **အကောင်းဆုံးကံကောင်းခြင်း ကျောက်မျက်ရတနာ ကုမ္ပဏီလီမိတက် (SUPER LUCKY GEMS & JEWELLERY COMPANY LIMITED)** အား ၂၀၁၉ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးကျော့မောင် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၁၂/မဂတ (နိုင်) ၀၃၆၄၇၉] [B.A., CPA., R.A., I.C.M.A., PART II (LONDON)] လက်မှတ်ရပြည်သူ့စာရင်းကိုင် (စာရင်းစစ်) အား တရားဝင် စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီနှင့်ပတ်သက်၍ ရရန်ရှိသူများ၊ ပေးရန်ရှိသူများအားလုံးသည် ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ (၃၁) ရက်နေ့ နောက်ဆုံးထား၍ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံနိုင်ကြောင်း ကြေညာ အပ်ပါသည်။

KYAWT MG
[B.A., CPA., R.A., I.C.M.A., PART II (LONDON)]
Certified Public Accountant & Auditor

## FRENZ MYANMAR COMPANY LIMITED

အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း
နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

**FRENZ MYANMAR COMPANY LIMITED** ၏ နောက်ဆုံးအစည်းအဝေးကို (၂၂. ၇. ၂၀၁၉) ရက်နေ့ နံနက် (၉း၃၀) နာရီတွင် ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အေးရိပ်မွန်အိမ်ရာ၊ စကားဝါလမ်း၊ အမှတ် (၇) တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အဖွဲ့ဝင်အားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြမည်ဖြစ်ပါသည်။

Mr. NG XINWEI
MANAGING DIRECTOR
FRENZ MYANMAR CO.,LTD

ဦးဆန်းထွန်း
[B.A., CPA., F.B.S.A]
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
လက်မှတ်ရပြည်သူ့စာရင်းကိုင် (စာရင်းစစ်)

## ဆေ့ (ဖ်) သဲ (န်) ဆော်ရီ ကုမ္ပဏီလီမိတက်
## (SAFE THAN SORRY COMPANY LIMITED)

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ

စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၉ ခုနှစ်၊ ဇွန်လ (၂၇) ရက်နေ့ ကုမ္ပဏီရုံးခန်းတွင် ကျင်းပပြုလုပ်သော ကုမ္ပဏီ၏ အစုရှင်များ၊ ဒါရိုက်တာအဖွဲ့ဝင်များ၏ သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးတွင် အောက်ပါဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ကြောင်း ကြေညာအပ်ပါသည်။

၁။ ကုမ္ပဏီကို ဒါရိုက်တာအဖွဲ့ဝင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန်၊

၂။ ဒေါ်တင်ဝင်းယု ဖမ်မက်ဂရု (ပ်) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ရန်နှင့် ကုမ္ပဏီ၏ စာရင်းရှင်းလင်းရေးဆိုင်ရာကိစ္စအရပ်ရပ်အား ခန့်အပ်သည့်အချိန်မှစ၍ လိုအပ်သလို ဆောင်ရွက်နိုင်ရန်အတွက် တာဝန်လွှဲအပ်ရန်။

ဒေါ်ခင်မို့မို့မြိုင်
မန်နေးဂျင်းဒါရိုက်တာ
ဆေ့ (ဖ်) သဲ (န်) ဆော်ရီ ကုမ္ပဏီလီမိတက်

ရရန်ရှိသည့် ကြွေးများတောင်းခံရန်သတိပေးခြင်း (Claim Notice)

## ဆေ့ (ဖ်) သဲ (န်) ဆော်ရီ ကုမ္ပဏီလီမိတက်

**ဆေ့ (ဖ်) သဲ (န်) ဆော်ရီ ကုမ္ပဏီလီမိတက်** ၏ တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ကျွန်ုပ်ထံသို့ (၂၆-၇-၂၀၁၉) နေ့ နောက်ဆုံးထား၍ ကုမ္ပဏီမှ ရရန်ရှိသောကြွေးမြီများအား မြီရှင်ဖြစ်ကြောင်း အထောက်အထားခိုင်လုံစွာတင်ပြ၍ တောင်းခံကြပါရန် အကြောင်းကြားအပ်ပါသည်။ အထက်ဖော်ပြပါ နေ့ရက်နောက်ပိုင်းမှ တောင်းခံလာသော ကြွေးမြီများအတွက် တာဝန်ယူမည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

ဒေါ်တင်ဝင်းယု
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖမ်မက်ဂရု(ပ်)
အမှတ်-၆၃၅ (အေ-၁)၊ အခန်း (အေ-၃/ဘီ-၃)၊
ရိုးမရိပ်သာ၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - ၀၉ ၇၉၂၂၃၃၁၅၉၊ ၀၁ ၂၃၀၄၃၄၉

# ဖီး(လ်)အက်(စ်)ကေအို ကုမ္ပဏီလီမိတက်

**(FEEL SKO CO.,LTD)**

(အစုဝင်များ၏ဆန္ဒအရ ဖျက်သိမ်းဆဲ)

မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေပုဒ်မ၊ ၂၀၈ - င အရ

အပြီးသတ်နောက်ဆုံးအစည်းအဝေးဖိတ်ကြားခြင်း

အထက်ဖော်ပြပါ ကုမ္ပဏီလီမိတက် အစုရှင်များ၏ အပြီးသတ် နောက်ဆုံးအစည်းအဝေးကို (၂၈. ၇. ၂၀၁၉) ရက်နေ့၊ နံနက် (၉း၀၀) နာရီတွင် [အမှတ် - ၈၅၃၊ ကျော်သူ (၂၂) လမ်း၊ (၉) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး] ရှိ ကုမ္ပဏီရုံးခန်းတွင် ကျင်းပမည်ဖြစ်သဖြင့် အစုရှင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းကို တင်ပြကာ ကုမ္ပဏီအား အပြီးသတ်ဖျက်သိမ်းသွားမည်ဖြစ်ပါသည်။

ဦးလှဝင်း
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
(ဖျက်သိမ်းဆဲ) FEEL SKO CO.,LTD

ပ၊ ထ၊ န - အမှတ် ၅၅၇/၁၈-၁၉/ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန/စောင်ရေ - ၂၀၀၀/၂၈-၆-၂၀၁၉။